ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ တနင်္လာနေ့၊ (20-9-2010) (၆၅၂၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် မင်းလှ-မင်းဘူး ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပြေးဆွဲသည့် အထူးရထားဖြင့် လိုက်ပါစီးနင်းပြီး လမ်းတစ်လျှောက်ရှိ ကျေးရွာများနှင့် ဆင်လမ်းကြီးဘူတာမှ ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ ပြည်သူတွေကပင် အလိုလားဆုံး၊ အတောင့်တဆုံးဖြစ် တည်ငြိမ်အေးချမ်းမှုရှိမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်

ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ မင်းလှ-မင်းဘူး ရထားလမ်းပိုင်းဖွင့်

မင်းလှ-မင်းဘူး ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ်ပြီးစီးသည့် ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ မင်းလှ-မင်းဘူး ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ မင်းဘူးဘူတာရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်၍ အဖွင့်အမှာစကား ပြောကြားပြီး ဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ အမှတ် (၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့နှင့် အိုးစည်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နိုင်ငံသားအားလုံး နိုင်ငံတော်အစိုးရနှင့်အတူ ဦးထမ်းပဲ့ထမ်း တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ကျရာကဏ္ဍကနေပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်။

ကြေးမုံ The Mirror

၂၀-၉-၂၀၁၀
(တနင်္လာနေ့)

သဘာဝအစားအစာများ မျှမျှတတစားသုံး

အသက်ရှည် ကျန်းမာကြံ့ခိုင်စွာ နေထိုင်နိုင်ရေးသည် လူတိုင်းအတွက် လိုအပ်ချက်ဖြစ်သည်။ ကျန်းမာရေး အသိပညာပေးမှုများနှင့်အညီ စနစ်တကျ နေထိုင်စားသောက်လိုက်နာကြခြင်းဖြင့် အသက်ရှည်ကျန်းမာကြပေမည်။

လူနှင့်သတ္တဝါများ ကြီးထွားဖွံ့ဖြိုးရန်နှင့် ခန္ဓာကိုယ်ထဲရှိ ကလာပ်စည်းများ ပုံမှန်လုပ်ဆောင်ရန် ဗီတာမင်များလိုအပ်သည်။ နေ့စဉ် လှုပ်ရှားသွားလာရန်အတွက် လိုအပ်သည့် စွမ်းအင်ကို အောက်ဆီဂျင်နှင့် ခန္ဓာကိုယ်တွင်းရှိ ဂလူးကို့စ်တို့ ထိတွေ့ဓာတ်တိုးရာမှ ရရှိသည်။

သဘာဝအစားအစာများမှရရှိသော ဗီတာမင်များ၊ သတ္တုဓာတ်များသည် ဓာတ်တိုးကာကွယ်နိုင်သော အာနိသင်အပြည့်အဝ ပေးနိုင်သည့်အပြင် ဘေးထွက်ဆိုးကျိုးလည်းမရှိပေ။ ရှောက်သီး၊ လိမ္မော်သီး၊ ကျွဲကောသီး၊ ဆီးဖြူသီးတို့သည် ဗီတာမင်စီဓာတ်ပါဝင်ပြီး ပဲအမျိုးမျိုး၊ ပြောင်းဖူး၊ ဂျုံ၊ ဆန်လုံးညိုတို့သည် ဗီတာမင်ဘီကြွယ်ဝသည်။

ထို့အတူ နွားနို့၊ ကြက်ဥ၊ အသားငါး၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ မြေပဲဆီ၊ နေကြာဆီနှင့် ဟင်းသီးဟင်းရွက်ဆီများသည်လည်း ဗီတာမင်အီးကြွယ်ဝကြောင်း သိရသည်။ ထို့အပြင် နံနက်ပိုင်း၌ ၁၅ မိနစ်ခန့် နေပူဆာလှုံခြင်းဖြင့် ကိုယ်ခန္ဓာအတွက် လိုအပ်သော ဗီတာမင်ဒီရရှိစေသည်။ ဗီတာမင်ဒီ လုံလောက်စွာရရှိခြင်းဖြင့် နှလုံးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ အရိုးရောဂါ၊ ဆီးချိုနှင့် သွားဖုံးရောဂါဖြစ်ပွားခြင်းတို့မှ ကာကွယ်တားဆီးပေးနိုင်သည်။

ကျန်းမာရေးအတွက် သဘာဝအစားအစာများ မျှတစွာစားသုံးသင့်သကဲ့သို့ အချို့သောမုန့်နှင့် အစားအသောက်များကိုလည်း သတိပြုဆင်ခြင်စားသုံးကြရမည်ဖြစ်သည်။ သက်တမ်းလွန်နှင့် သက်တန်းမလွန်မီ ပျက်စီးနေသော အစားအသောက်များသည် မှိုကြောင့်ဖြစ်သည့် ဗက်တီးရီးယားပိုးများကြောင့် ကျန်းမာရေးထိခိုက်နိုင်သည်။ အဆိုပါ အစားအစာများကို စားသုံးမိပါက အစာအဆိပ်သင့်ခြင်း၊ ဝမ်းလျှောဝမ်းပျက်ခြင်း၊ အသည်းရောင်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ အရေပြားပေါ်တွင် အဖုအပိမ့်များထလာခြင်း စသည့် ဝေဒနာများခံစားရနိုင်သည်။

ပြည်သူများအားလုံးက ဖန်တီးပြုလုပ်ထားသော ဓာတ်တိုးကာကွယ်ပစ္စည်းများ၊သက်တမ်းလွန် အစားအစာများကို ရှောင်ရှား၍ သန့်ရှင်းလတ်ဆတ်သည့် သစ်သီး၊ ဟင်းသီးဟင်းရွက်နှင့် သဘာဝအစားအစာမျိုးစုံကို မျှမျှတတ စနစ်တကျ စားသုံးကြခြင်းဖြင့် နုပျို့ရွှင်လန်း ကျန်းမာခြင်းသုခ ပြည့်စုံကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပစ္စည်းစီမံထိန်းသိမ်းရေးဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၀)သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် နေပြည်တော်ရှိ ဝန်ကြီးရုံး သင်တန်းခန်းမ၌ကျင်းပသော ပစ္စည်းစီမံထိန်းသိမ်းရေးဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၀) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ အမှုထမ်း ၃၀ တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးခင်မောင်မြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က သင်တန်းသားခေါင်းဆောင်ထံ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဦးခင်မောင်မြင့်က သင်တန်းတွင် ပထမဆုရ ပစ္စည်းထိန်း(၄) ဒေါ်ဖြိုးအိဇင်၊ ဒုတိယဆုရ ပစ္စည်းထိန်း(၄) ဦးသိန်းကျော်နှင့် တတိယဆုရ ပစ္စည်းထိန်း(၄) ဦးဖြိုးဝေလင်းတို့အား ဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချင်းပြည်နယ်ဥက္ကဋ္ဌ ဦးဟုန်းငိုင်း စပေါင်းမြေသြဇာကြဲပက်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၉

ချင်းပြည်နယ် ဟားခါးမြို့ မိုးစပါးစပေါင်းမြေသြဇာကြဲပက်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် သီမစ်ဒေသ၌ကျင်းပရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟုန်းငိုင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တောင်သူများက မြေသြဇာများကို စပေါင်းကြဲပက်ကြပြီး ပြည်နယ်ဥက္ကဋ္ဌက တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်တင်ဘာ ၁၈ ရက်က နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ အကြိမ်(၆၀)မြောက် ဘိုးဘွားနေ့အထိမ်း အမှတ်အဖြစ် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့နှင့် အဖွဲ့ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ဝန်ထမ်းမိသားစုများ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ငါးသိန်းကို ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ဇနီး ဒေါ်လွဲလွဲကြည်က နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ပေးအပ်လှူဒါန်းရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန် လက်ခံစဉ်။ (သတင်းစဉ်)

မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများ လုပ်ငန်းစွမ်းရည်မြှင့် သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၁၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများ လုပ်ငန်းစွမ်းရည်မြှင့် သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက တိုက်ကြီးမြို့ ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဦးသန်း(ကျောင်းအုပ်ကြီး)က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်သည်။

ရက်သတ္တနှစ်ပတ်

အဆိုပါ အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၃၀တို့ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဂန့်ဂေါခရိုင်၌ စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၉

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဂန့်ဂေါမြို့နယ် ဟံသာဝတီကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီတို့၏ စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေးပွဲကို စက်တင်ဘာ ၁၄ ရက်တွင် ဟံသာဝတီကျေးရွာ ပညာလွှင်ပြင်စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းက စာအုပ်၊ စာစောင်များ တိုးပွားလာမှု၊ ငွေပဒေသာပင် စိုက်ထူထားရှိမှုနှင့် စာပေဖတ်ရှုလေ့လာမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်က စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များနှင့် စာကြည့်တိုက်တွင် စာအုပ်၊ စာစောင်များထားရှိမှု စနစ်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့သားရေစစ်စစ်များကို အသုံးပြု၍ လူသုံးကုန်ပစ္စည်းအမျိုးမျိုး လက်ရာသေသပ် ကောင်းမွန်စွာဖြင့် ဈေးနှုန်းမှန်ရောင်းချနေသော မြန်မာပြည်မှာဆန်းရှိုင်း သီးသန့်သားရေစစ်စစ် ပစ္စည်းအမျိုးမျိုးအရောင်းဆိုင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆန်းရှိုင်း သားရေစစ်စစ်ပစ္စည်း အရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာ့သားရေစစ်စစ်များဖြင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ဆန်းရှိုင်းက လက်ရာသေသပ်ကောင်းမွန်စွာ ချုပ်လုပ်၍ ဝယ်ယူအသုံးပြုလက်ဆောင်ပေးနိုင်ရန် ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

မြန်မာပြည်ဆန်းရှိုင်းမှ ကုတ်အင်္ကျီ၊ ဂျာကင်အင်္ကျီ၊ ဝေ့စ်ကုတ်၊ ခရီးဆောင်အိတ်၊ ကျောပိုးအိတ်၊ ရုံးသုံးလက်ဆွဲအိတ်အမျိုးမျိုး၊ ဘေးလွယ်အိတ်ဆိုဒ်စုံ၊ စလင်းဘက်အမျိုးမျိုး၊ ခါးပတ်အိတ်၊ ဦးထုပ်၊ အမျိုးသား၊ အမျိုးသမီးသုံး လက်ကိုင်အိတ်အမျိုးမျိုး၊ ငွေသားထည့်ခေါက်အိတ်ဆိုဒ်စုံ၊ သားရေညှပ်ဖိနပ်၊ သားရေကွင်းထိုးဖိနပ်၊ ကွန်ပျူတာလက်(ပ်)တော့ထည့်အိတ်၊ ဟန်းဖုန်းထည့်အိတ်တို့အပြင် ဆိုင်ကယ်စီးနင်းသူများအတွက် ရင်ကာနှင့် လက်အိတ် စသည်တို့ကို သိုးသားရေ၊ ချေသားရေ၊ ဆိတ်သားရေနှင့် မြွေသားရေ စသည့် သားရေစစ်စစ်တို့ဖြင့် ချုပ်လုပ်ထားသဖြင့် ပြည်တွင်းမှ သားရေစစ်စစ် ချစ်မြတ်နိုးသူများနှင့် နိုင်ငံခြားသား ဧည့်သည်တော်များ၊ ခရီးသွားများက ယုံကြည်စိတ်ချစွာ ဝယ်ယူအသုံးပြုကြသည်။

ဆန်းရှိုင်း သားရေထည်ပစ္စည်းများ အပါအဝင် မည်သည့်သားရေထည်ပစ္စည်းမဆို မြန်မာပြည်မှာဆန်းရှိုင်း သားရေစစ်စစ်ပစ္စည်းအမျိုးမျိုး အရောင်းဆိုင်များက အခမဲ့ အရောင်တင်ပေးလျက်ရှိကြောင်းလည်း သိရသည်။

မြန်မာပြည်မှာဆန်းရှိုင်း သားရေစစ်စစ် ပစ္စည်းများ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်အောင် အရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်ထားရာ(၁) အမှတ်(၄၄၃) ကုန်သည်လမ်း (၄၃)လမ်းထိပ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၁၄၅၃၊ ၀၁-၃၉၈၀၈၀၊ (၂) အမှတ်(၁၄/A) (၁၈-၁၉)လမ်းကြား (၈၃)လမ်း မန္တလေး ဖုန်း-၀၂-၇၂၈၀၆၊ ၀၂-၂၂၆၃၉၊ (၃) လမ်း(၈၀) (၉) လမ်းထောင့် မန္တလေး ဖုန်း-၀၂-၂၂၆၄၀၊ ၀၉-၂၀၂၇၇၀၅၊ (၄) အမှတ်(၁၃၉) မြောက်ဘက်တိုက်တန်း မြေညီ ဈေးချို မန္တလေး ဖုန်း-၀၂-၇၂၁၈၄၊ ၀၂-၂၂၁၈၅၊ (၅) အမှတ်(၁၇၃ /A)၊ (၈၁)လမ်း (၁၉)လမ်းထောင့် မန္တလေး ဖုန်း-၀၂-၇၁၀၀၆၊ ၀၉- ၆၅၀၄၆၄၀၊ (၆) အမှတ်(၅၆) (၂၆)လမ်း (၈၈)လမ်းထောင့် မန္တလေး ဖုန်း-၀၂-၃၅၆၅၃၊ (၇) (၂၃×၂၄)လမ်းကြားနှင့် (၈၈×၈၉)လမ်းကြား အခန်း(၁၀) ငုဝါဆောင် အဆင့်မြင့်သီရိမာလာတိုက်တန်း မန္တလေးနှင့် (၈) မြို့မရုပ်ရှင်ရုံရှေ့ ပြင်ဦးလွင်မြို့ ဖုန်း-၀၈၅-၂၂၉၂၇ နှင့် ၀၉-၅၁၁၄၈၃၃ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ဗိုလ်လောင်း သင်တန်း အမှတ်စဉ် - ၉၃ (သူရ-၉၃)မှ ကျောင်းဆင်းအရာရှိများ ကျောင်း ဆင်း (၁၅) နှစ်ပြည့် အထိမ်း အမှတ် အဖြစ် ဩဂုတ် ၂၅ ရက်က ဗိုလ်တဒါနယ်ဟာ့ဆေး ရုံကြီးသို့ အလှူ ငွေကျပ်သုံးသိန်း လှူဒါန်းစဉ်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တိုင်းပြည် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအကျိုးစီးပွားအပေါ် အစဉ်ရပ်တည်လျက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက ရုပ်ရှင်နှင့်ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေး၊ ရုပ်ရှင်နှင့်ဗီဒီယိုလောကသားများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ရည်ရွယ်ချက် (၅)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒါရိုက်တာအခြေခံအလွှာ၊ အဓိကသရုပ်ဆောင်အလွှာ၊ ဇာတ်ပို့ဇာတ်ရံအလွှာ၊ ဇာတ်လမ်း ဇာတ်ညွှန်းအလွှာ၊ တည်းဖြတ်မှတ်တမ်းအလွှာ၊ ထုတ်လုပ်ဖြန့်ချိအလွှာ၊ ပြဇာတ်နှင့် နောက်ခံတေးဂီတအလွှာ၊ ဗီဒီယိုအခြေခံအလွှာနှင့် စက်မှုအလွှာတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နိုင်မှုများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို တာဝန်ရှိသူ အမှုဆောင်များက ရှင်းလင်းတင်ပြကြရာ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်နှင့်ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်နှင့်ဗီဒီယိုလောကသားတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ဆောင်ရွက်ရန် ရည်ရွယ်ချက် (၅)ရပ်နှင့် ရည်ရွယ်ချက်အောင်မြင်အောင် ဆောင်ရွက်ရမည့် အခြေခံအချက် (၁၂)ချက်တို့ကို သတ်မှတ်ပေးခဲ့ကြောင်း၊ အဆိုပါရည်ရွယ်ချက်များ၏ အနှစ်ချုပ်မှာ မြန်မာ့ရုပ်ရှင်နှင့်ဗီဒီယိုလောကနှင့် လောကသားများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လောကသားများအနေဖြင့် အမျိုးသားရေးကို အစဉ် ဦးထိပ်ထားရေးတို့ပင်ဖြစ်ကြောင်း။

ရှင်းလင်းမှာကြား

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ရုပ်ရှင်လောကသားများ၏ ဖွံ့ဖြိုးတိုးတက်မှုတို့သည် အပြန်အလှန် ဆက်စပ်တည်မှီလျက်ရှိကြောင်း၊ သို့ဖြစ်၍ တိုင်းပြည်တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် အမျိုးသားအကျိုးစီးပွားအပေါ် အစဉ်ရပ်တည်လျက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့သည်။

(သတင်းစဉ်)

စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲ ညောင်တုန်း၌ ကျင်းပ

ညောင်တုန်း စက်တင်ဘာ ၁၉

ငါးသယံဇာတ တိုးပွားရေး၊ ငါးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးစေရေးအတွက် ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ညောင်တုန်းမြို့နယ် တူးချောင်းကျေးရွာအုပ်စု ငှက်ထုံးကျေးရွာရှိ လယ်သမားကြီး ဦးမောင်စိုး၏ လယ်မြေ၌ ဩဂုတ် ၃၁ ရက်က ကျင်းပရာ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ လူမှုရေးအသင်းဝင်များ စုစုပေါင်း ၁၂၀ တက်ရောက်ကြပြီး မိုးစပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြသည်။**(အောက်ပုံ)**

(၁၆၁)

ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အိုးဘိုရပ်ကွက် အမကကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၀၀ ကျော်အား အလှူရှင် ဦးမင်းမင်းကျော် (ခေတ္တ-စင်ကာပူ)နှင့် ဒေါက်တာ ဒေါ်ခင်သူဇာစိန် (ကျောင်းအုပ်ကြီး)တို့၏ သား မောင်သန့်ထူးစံ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ကြက်သားဆန်ပြုတ်အာဟာရများတိုက်ကျွေးစဉ်။

(၃၅)

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ရန်ကင်းပညာရေးကောလိပ်၏ ၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲက ကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ရန်ကင်းပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးမြကျော်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ဆရာကြီး ဦးသန်းဦး (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အခြေခံပညာဦးစီးဌာန)၏ အတ္ထုပ္ပတ္တိကို မြန်မာစာ(စာပေ)ဌာန နည်းပြ ဒေါ်သောင်းသင်းအေးက ဖတ်ကြားကာ "နိုင်ငံတကာ စာတတ်မြောက်ရေး ကမ္ဘာ့အရေး" ခေါင်းစဉ်ဖြင့် ဆရာကြီး ဦးသန်းဦးက ဟောပြောသည်။ ဆက်လက်၍ ဆရာကြီး ဦးမြင့်ဟန်(တာဝန်ခံညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ မြန်မာနိုင်ငံပညာရေး သုတေသန ဦးစီးဌာန)၏ အတ္ထုပ္ပတ္တိကို မြန်မာစာ (စာပေ) ဌာနမှ လက်ထောက်ကထိက ဒေါ်ခင်ခင်လေးက ဖတ်ကြားပေးကာ ဆရာကြီးက သုတ၊ ရသ၊ ဗဟုသုတများအား ဟောပြောခဲ့ကြသည်။

(ပညာရေး)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၃၆) ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက် မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် မြန်မာအိုင်စီတီကဏ္ဍဖွံ့ဖြိုးရေး ကိုရီးယားအိုင်စီတီကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မည်၊ e-Government နှင့် e-office လုပ်ငန်း၊ ဒစ်ဂျစ်တယ်ပညာရေးလုပ်ငန်း၊ အမြန်လမ်းမများဆိုင်ရာ Intelligent Transportation System လုပ်ငန်း၊ ဖိုင်ဘာဆက်ကြောင်း တပ်ဆင်ခြင်းလုပ်ငန်း၊ စတော့ရှယ်ယာဈေးကွက် သတင်းအချက်အလက်ပေးပို့မှုလုပ်ငန်းတို့ကို စိတ်ဝင်စား၊ အင်တာနက်၊ တီဗွီနှင့် တယ်လီဖုန်း သုံးမျိုး ဈေးသက်သက်သာသာဖြင့် ဝန်ဆောင်မှုပေးမည့် GPON စနစ် ကုမ္ပဏီ ခြောက်ခုလုပ်ခွင့်ပြု စသည့် မျက်နှာဖုံး သတင်းဆောင်းပါးများ၊ အနာဂတ်တွင် လေကြောင်းကုန်စည်ပို့ဆောင်ရေး ပိုမိုအရေးပါလာမည်၊ မြန်မာ့သစ်အချောထည်လုပ်ငန်းများနှင့် ရှော့ပင်းစင်တာများတွင် တရုတ်ကရင်းနှီးမြှုပ်နှံလို၊ Junction Centre (မော်တင်) ဖွင့်ပြီ၊ ရန်ကုန်မြို့လယ် အချက်အချာနေရာ၌ နိုင်ငံတကာအဆင့်မီ Ruby Mart ဖွင့်ဦးမည် စသည့် မျက်နှာဖုံးသတင်းများနှင့် မောင်စူးစမ်း၊ လူထုစိန်ဝင်း၊ မောင်ဝံသတို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် ပါတီငါးခုဆက်လက်လျှောက်ထားခြင်းမရှိ၍ ဖျက်သိမ်း၊ မှတ်ပုံတင်ခွင့်ပြုထားခြင်းမှ ပယ်ဖျက်၍ ဖျက်သိမ်းလိုက်သော ပါတီများ၊ ပါတီရဲ့ သဘောထားတွေက မဲရရုံသက်သက်တင်ပြတာမဟုတ်ပါဟု ဦးသိန်းထွန်းပြောကြားစသည့် သတင်းများကို ဖော်ပြထားသည်။

ထို့အတူ ယနေ့အကြွေ. . . . . .ဒီလိုရှင်းပါလေ၊ အဘက်ဘက်တွင် ပြောင်းလဲနေသော ပြင်ဦးလွင်စသည့် သတင်းဆောင်းပါးများ၊ မြန်မာ-တရုတ် ပူးပေါင်းဖောက်လုပ်မည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း မူလသတ်မှတ်ချိန်ထက် တစ်နှစ်နောက်ကျပြီးမှ ပြီးစီးမည်၊ နှစ်နှစ်ခန့်ကြန့်ကြာနေခဲ့သည့် ကုလားတန်မြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးရေးနှင့် စစ်တွေဆိပ်ကမ်း ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို အိန္ဒိယက ပြန်လည်ဆောင်ရွက်၊ မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ ရေအားလျှပ်စစ် စီမံကိန်းနှစ်ခု ဆောင်ရွက်ရန် အိန္ဒိယစီစဉ်၊ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး ဖောက်လုပ်ရန် မြန်မာနိုင်ငံက သဘောတူလက်ခံ၊ ဆက်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် အာမခံလုပ်ငန်းများ၌ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန်စီစဉ်၊ အချစ်အကြောင်းပြောကြတဲ့ အနုပညာရှင်များ၊ ခိုးကူးခွေနဲ့ ပတ်သက်တဲ့ ဂီတလောကမှစကားသံများ စသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

အင်အားပြင်းမြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၁၉

စက်တင်ဘာ ၁၈ ရက် နံနက် ၀၂ နာရီ ၀၅ မိနစ် စက္ကန့် ၄၀ အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၈၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အာဖဂန်နစ္စတန်နိုင်ငံ ဟိန္ဒူကုပ်ဒေသ) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၉-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၀၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅	၇။	အတီးပြိုင်ပွဲ
၈း၂၅	၈။	တေးဂီတအစီအစဉ်
၈း၄၀	၉။	International News
၈း၄၅	၁၀။	နေပြည်တော်ရေပန်းဥယျာဉ် (တိုးချဲ့)
၈း၅၀	၁၁။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၅	၃။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၃၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သမိုင်း၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ စိတ်ပညာ၊ ဒဿနိကဗေဒ အထူးပြုများ) (သမိုင်း)
၄း၅၀	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၆။	"စက်မှုဇုန်မှာ ကျွန်မစက်ရုံလာတည်တော့မယ်"
၅း၁၀	၇။	တေးဂီတအစီအစဉ်
၅း၂၀	၈။	မြန်မာစာ၊ မြန်မာစကား
၅း၃၀	၉။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ. . . . ကိုယ့်ချစ်သူ" (အပိုင်း-၁၈)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**"အရုဏ်ဦးမှာဖူးသည့်ကြာ" (ဇာတ်သိမ်းပိုင်း) (ရုပ်ရှင်အနုပညာရှင်များ) (ဒါရိုက်တာ-စာရေးဆရာ တင်သန်းဦး)**
	၁၈။	အစီအစဉ်ပြီး၏။

 နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်၌ ကားဗုံးအမြွှာပေါက်ကွဲ ၃၀ ကျော်သေပြီး အများအပြား ဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၉

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့၌ ယနေ့နံနက်ပိုင်းက ကားဗုံးပေါက်ကွဲမှုနှစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၃၁ ဦးသေဆုံး၍ ဒါဇင်ပေါင်းများစွာဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ယင်းပေါက်ကွဲမှုများကြောင့် မွတ်စလင် ဥပုသ်လအပြီး အခိုက်အတန့်မျှ ရရှိခဲ့သည့် ငြိမ်းချမ်းမှုပျက်စီးခဲ့ရသည်။

ယင်းပေါက်ကွဲမှုများသည် နံနက်ခင်းလူသွားလူလာစည်ကားချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တစ်လအတွင်း ဘဂ္ဂဒက်မြို့တွင်ဖြစ်ပွားခဲ့သမျှ အပြင်းထန်ဆုံးပေါက်ကွဲမှုများဖြစ်သည်။

ဘဂ္ဂဒက်မြို့ အနောက်ပိုင်း မင်ဆောရပ်ကွက်တွင်ဖြစ်ပွားခဲ့သော ကားဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး ၁၀ ဦးသေဆုံးခဲ့ရပြီး ၁၀ ဦးဒဏ်ရာရခဲ့ကြောင်း ဘဂ္ဂဒက်မြို့အနောက်ပိုင်းလုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယင်းပေါက်ကွဲမှုသည် အသေခံကားဗုံးခွဲတိုက်ခိုက်မှုဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးလျက်ရှိသည် ဟု ဆိုသည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားပြီး မိနစ်ပိုင်းမျှအကြာတွင် ဘဂ္ဂဒက်မြို့မြောက်ပိုင်း အေဒင်ရင်ပြင်တွင် ကားဗုံးတစ်လုံးထပ်မံပေါက်ကွဲခဲ့ရာ အနည်းဆုံး ၂၁ ဦးသေဆုံး၍ ၇၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အမေရိကန်သမ္မတ ဘာရတ်အိုဘာမားက အီရတ်နိုင်ငံရှိ အမေရိကန်တိုက်ခိုက်ရေးတပ်ဖွဲ့များ၏ စစ်ဆင်ရေးများ အဆုံးသတ်ပြီဖြစ်ကြောင်း စက်တင်ဘာ ၁ ရက်က ကြေညာခဲ့ပြီးနောက် စစ်သွေးကြွများသည် ဘဂ္ဂဒက်မြို့တော်တစ်ဝန်းကားဗုံးများ၊ အသေခံဗုံးခွဲသမားများကို အသုံးပြုကာ အီရတ်လုံခြုံရေးတပ်ဖွဲ့များကို ဦးတည်တိုက်ခိုက်လျက်ရှိသည်။

အေပီ။

ဘော်လ်ကန်ဒေသ၌ အစွန်းရောက်ဝါဒီများ အင်အားကောင်းလာ

စကော့ပဲန် စက်တင်ဘာ ၁၉

ဥရောပတိုက်အရှေ့တောင်ပိုင်း ဘော်လ်ကန်ဒေသသည် အယ်လ်ခိုင်ဒါ၊ တာလီဘန်စသော အကြမ်းဖက် ကွန်ရက်များနှင့် ဆက်နွယ်နေသော အစ္စလာမ္မစ်အစွန်းရောက်ဝါဒီအုပ်စုတစ်စု၏ အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း တနင်္ဂနွေနေ့သတင်းများတွင် ဖော်ပြထားသည်။

အွန်လိုင်းပေါ်တွင် ပျံ့နှံ့နေသော အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်ခေါင်းဆောင်အိုစမာဘင်လာဒင်ကို အမွှမ်းတင်ထားသည့်တေးသီချင်းဗီဒီယိုတိပ်ခွေတစ်ခွေကို မက်ဆီဒိုးနီးယားသတင်းမီဒီယာများက တွေ့ရှိခဲ့ရာမှ ယင်းကဲ့သို့ သုံးသပ်ချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။

အစွန်းရောက်အစ္စလာမ္မစ်ဝါဒဖြစ်စဉ်သည် ဘော်လ်ကန်ဒေသတစ်ဝန်းကူးစက်နေဖွယ်ရှိပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံသစ်ဖြစ်သော ဘူလ်ဂေးရီးယားနိုင်ငံအပါအဝင် ဒေသတစ်ဝန်း စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။

ဘော်လ်ကန်ဒေသသည် အကြမ်းဖက်သမားများ ခိုလှုံနိုင်သည့် နေရာတစ်နေရာဖြစ်လာနိုင်ပြီး အကြမ်းဖက်ဝါဒသည် အနောက်ဥရောပတစ်ခွင်လုံးသို့ အလွယ်တကူပျံ့နှံ့သွားနိုင်သည်ဟု ဆိုသည်။ ဥရောပသမဂ္ဂ ပြည်ဝင်ခွင့်ဗီဇာများကိုင်ဆောင်ထားသော အစွန်းရောက်ဝါဒီအကြမ်းဖက်သမားများက နယ်စပ်များကို အလွယ်တကူဖြတ်ကျော်ဝင်ရောက်၍ ကျန်ဥရောပလူ့အဖွဲ့အစည်းများအတွင်း ချောမွေ့စွာစိမ့်ဝင်နိုင်မည့်အရေးကို အများက စိုးရိမ်နေကြသည်။

အေပီ။

နှစ် ၅၀ နီးပါးအတွင်း ကြာသပတေးဂြိုဟ် ကမ္ဘာမြေနှင့် အနီးဆုံးမှုဖြတ်သန်းမည်

ကိတ်ကာနေဗာရယ် စက်တင်ဘာ ၁၉ - လာမည့်ရက်သတ္တပတ်တွင် ကြာသပတေးဂြိုဟ်ကို ညကောင်းကင်တွင် အနီးကပ်ဆုံး၊ အတောက်ပဆုံးတွေ့မြင်ရမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၇ရက်သတင်းများတွင် ဖော်ပြသည်။ ယင်းကဲ့သို့ ကြာသပတေးဂြိုဟ်ကို အနီးဆုံး၊ အတောက်ပဆုံး တွေ့မြင်ရသည့် အခြေအနေကို ၂၀၂၂ ခုနှစ်တိုင်အောင် ကြုံတွေ့နိုင်မည်မဟုတ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ကြာသပတေးဂြိုဟ်သည် စက်တင်ဘာ ၁၉ ရက်နှောင်းပိုင်းတွင် ကမ္ဘာမြေမှ မိုင် ၃၆၈ သန်းအကွာမှ ဖြတ်သန်းမည်ဖြစ်ပြီး ၁၉၆၃ ခုနှစ်နောက်ပိုင်း ကမ္ဘာမြေနှင့် အနီးကပ်ဆုံး ဖြတ်သန်းခြင်းဖြစ်သည်။

ယင်းဂြိုဟ်ကို ညနေဆည်းဆာချိန်တွင် ကမ္ဘာမြေ၏ အရှေ့အရပ်တွင်ခပ်နိမ့်နိမ့်တွေ့မြင်ရမည်ဖြစ်ပြီး သန်းခေါင်ယံကာလများတွင် ကမ္ဘာမြေသည် ကြာသပတေးဂြိုဟ်နှင့် နေအကြားမှ ဖြတ်သန်းမည်ဖြစ်ရာ ကြာသပတေးဂြိုဟ်ကို ကြည့်ရှုသူ၏ ဦးခေါင်းတည့်တည့်တွင် တွေ့မြင်နိုင်မည်ဖြစ်သည်။ နေစကြဝဠာ၏ အကြီးဆုံးဂြိုဟ်ဖြစ်သော ကြာသပတေးဂြိုဟ်ကို အလွန်တောက်ပစွာတွေ့မြင်နိုင်မည်ဖြစ်ပြီး ကောင်းကင်ယံ၌ အတောက်ပဆုံးဖြစ်သော စီးရီးယပ်စ်ကြယ်ထက်သုံးဆပိုမိုထွန်းလင်းသည်ကို တွေ့မြင်ရမည် ဖြစ်သည်။

အေပီ။

မတော်တဆမှုတစ်ခုကြောင့် ခြေနှင့်လက် အားလုံးကို ဖြတ်တောက်ထားရသည့် ပြင်သစ်လူမျိုး အသက် (၄၂)နှစ် အရွယ်ရှိ ဖိလစ်ခရွိုင်ဆန်ဆိုသူသည် စက်တင်ဘာ ၁၈ ရက်က အင်္ဂလိပ်ရေလက်ကြားကို အချိန် ၁၀ နာရီခန့်ဖြင့် ဖြတ်ကူးနိုင်သည့် ကမ္ဘာ့ပထမဆုံး မသန်စွမ်းသူဖြစ်လာသည်။ ၎င်းသည် ဗြိတိန်နိုင်ငံ ကင့်ပြည်နယ် ဖော့ခ်စတုန်းမှ စနေနေ့နံနက် ၈ နာရီတွင် စတင်ဖြတ်ကူးခဲ့ရာ ပြင်သစ်နိုင်ငံ ကာလိုင်းမြို့အနီး ဝက်စ်ဆန့် ကမ်းခြေသို့ ည ၉ နာရီခွဲတွင် ရောက်ရှိခဲ့သည်။(ယာပုံ)အင်တာနက်။

အိမ်ဖောက်ခိုးစဉ် အိပ်ပျော်သွားသည့်သူခိုးအဖမ်းခံရ

ပီနန် စက်တင်ဘာ ၁၉

အိမ်တစ်အိမ်အတွင်းသို့ ဖောက်ထွင်းဝင်ရောက်ကာ နာရီများနှင့် ကျောက်မျက်ရတနာများကို ခိုးယူပြီးနောက် ခိုးရာပါ ပစ္စည်းများနှင့်အတူ အဆိုပါ အိမ်အတွင်းရှိ ဆိုဖာတစ်ခုပေါ်တွင် အိပ်ပျော်နေသော သူခိုးကို ဖမ်းဆီးရမိမှုတစ်ခု မလေးရှားနိုင်ငံ ပီနန်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည်။

အိမ်ပိုင်ရှင်များ အိမ်သို့ ပြန်လာချိန်တွင် ရှုပ်ပွနေသော အခန်းနှင့် အိပ်ပျော်နေသော လူတစ်ဦးကို တွေ့လိုက်ရခြင်းကြောင့် အထိတ်တလန့်ဖြစ်ခဲ့ကြရသကဲ့သို့ သူခိုးမှာလည်း လန့်နိုးကာ နောက်ဖေးမီးဖိုခန်းပြတင်းပေါက်ကို ကျော်၍ ထွက်ပြေးခဲ့သော်လည်း ၎င်းအား ဖမ်းဆီးနိုင်ခဲ့သည်။

ခိုးရာပါ ပစ္စည်းများ၏ တန်ဖိုးမှာ ရင်းဂစ် ၁၀၀၀၀ ခန့်ရှိကြောင်း၊ အိမ်ရှင်မိသားစုပြင်ပမှ ပြန်လာချိန်တွင် ၎င်းတို့၏ နှစ်ထပ်အိမ်ရှေ့၌ ရပ်ထားသော သူစိမ်းကားတစ်စီးကို သတိပြုမိခဲ့ကြောင်း၊ အိမ်ရှင်မက အိမ်ခန်းများကို လိုက်လံစစ်ဆေးခဲ့ရာမှ အပေါ်ထပ်ရှိသားဖြစ်သူ၏ အိပ်ခန်းထဲတွင် အိပ်မောကျနေသော သူခိုးကို တွေ့ခဲ့ရပြီး ရဲကိုခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ သူခိုးမှာ အသက် (၄၂)နှစ်အရွယ်ရှိပြီး မီတာ ၅၀ ခန့်အထိ အပြေးလိုက်ဖမ်းခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်တာနက်။

မလေးရှားနိုင်ငံ ပီနန်မြို့။



ဂျာမနီနိုင်ငံ ဘာဗေးရီးယားပြည်နယ်ရှိ လေယာဉ်ကွင်းတစ်ခုတွင် စက်တင်ဘာ ၁၈ ရက်က ကျင်းပသော လေကြောင်းသရုပ်ပြပွဲ၌ လေယာဉ်နှစ်စင်း သရုပ်ပြပျံသန်းစဉ် တိုက်မိမှုဖြစ်ပွားရာ လေယာဉ်တစ်စင်းပျက်ကျ မီးလောင်ပြီး လေယာဉ်မှူးတစ်ဦး သေဆုံးသွားသည်။ အခြား လေယာဉ်တစ်စင်းမှာမူ အရေးပေါ် ဆင်းသက်ခဲ့ရသော်လည်း လေယာဉ်မှူးမှာ အသက်မသေဘဲ လွတ်မြောက်ခဲ့သည်။ (ဝဲပုံ)

အယူသီးဂိုဏ်းဝင်များကို အာဏာပိုင်များလိုက်ရှာနေ

ပါဒေးလ် စက်တင်ဘာ ၁၉ - အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းတွင် အာဏာပိုင်များက အသက်သုံးနှစ်မျှသာ ရှိသေးသော ကလေးများအပါအဝင် လူ ၁၃ ဦးပါ ဘာသာရေးအယူသီးဂိုဏ်းခွဲတစ်ဂိုဏ်းကို တနင်္ဂနွေနေ့က ပိုက်စိပ်တိုက် လိုက်လံရှာဖွေလျက်ရှိကြောင်းသိရသည်။

ယင်းဂိုဏ်းဝင်များသည် ခြေရာဖျောက်ထွက်မသွားမီ ၎င်းတို့သည်ကမ္ဘာပျက်မည့်နေ့ကို စောင့်ဆိုင်းနေကြမည်ဖြစ်ပြီး ကွယ်လွန်ခဲ့သော ဆွေမျိုးညာတိများနှင့် မကြာမီ ပြန်လည်ဆုံတွေ့မည်ဖြစ်ကြောင်း စာများရေးသားထားခဲ့ကြသည်ဟု ဆိုသည်။

အယ်လ်ဆာဗေးဒိုးနိုင်ငံမှ ရွှေ့ပြောင်းဝင်ရောက်လာသူများပါဝင်သော အဆိုပါ အယူသီးဂိုဏ်းကို လော့စ်အိန်ဂျလိစ်ခရိုင် အရှေ့မြောက်ဘက် ပါဒေးလ်မြို့တွင် နေထိုင်သော အသက် (၃၂) နှစ်အရွယ် ရေးနာမာရီဆိုးလ် ချီးကတ်စ်ဆိုသူ အမျိုးသမီးတစ်ဦးက ဦးဆောင်ခြင်းဖြစ်သည်။ အဆိုပါဂိုဏ်းဝင်များသည် ၎င်းတို့၏ လက်ကိုင်ဖုန်းများ၊ နိုင်ငံသားအသိအမှတ်ပြုကတ်ပြားများ၊ ကိုယ်ပိုင်စနစ်စာရွက်စာတမ်းများနှင့်တကွ အမြင့်ဆုံးစိတ်ပီတိစျာန်ကို ရရှိရန် စောင့်ဆိုင်းနေမည်ဖြစ်ကြောင်း ရေးသားထားသောစာများကို ထားရစ်ခဲ့၍ ခြေရာဖျောက် ထွက်ခွာသွားခြင်း ဖြစ်သည်။

ယင်းအဖြစ်အပျက်သည် အယူသီးဂိုဏ်းဝင် အမျိုးသမီးတစ်ဦးထားရစ်ခဲ့သော ပိုက်ဆံအိတ်ကို အခြေခံ၍ ၎င်း၏ ခင်ပွန်းက ရဲတပ်ဖွဲ့ကို အကြောင်းကြားရာမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ အဆိုပါ အမျိုးသားက ဂိုဏ်းဝင်များသည် ချီးကတ်စ်၏ အယူအဆများကို ရိုက်သွင်းခံခဲ့ရသည်ဟု ယုံကြည်ကြောင်း ရဲတပ်ဖွဲ့ကို ပြောကြားသည်။ အယူသီးဂိုဏ်းဝင် အမျိုးသမီးတစ်ဦး၏ ခင်ပွန်းကမူ ၎င်းဂိုဏ်းဝင်များအနေဖြင့် ကိုယ့်ကိုယ်ကိုယ် ထိခိုက်နာကျင်အောင်ပြုလုပ်ကြမည်ကို စိုးရိမ်ရကြောင်း ပြောသည်။

အေပီ။

နိုင်ငံတကာသတင်းရှုခင်း

ဂျေရုစလင်မြို့မှာ အစ္စရေးနှင့် ပါလက်စတိုင်းခေါင်းဆောင်တွေဟာ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် တိုက်ရိုက်တွေ့ဆုံဆွေးနွေးပွဲကို ခက်ခက်ခဲခဲရှေ့ဆက်နေရချိန်မှာ ဂါဇာကမ်းမြောင်က စစ်သွေးကြွတွေဟာ အစ္စရေးတောင်ပိုင်းကို စိန်ပြောင်းတွေ၊ ဒုံးကျည်တွေနဲ့ ပစ်ခတ်ခဲ့ကြပါတယ်။ ဒီကိစ္စကို ဘယ်သူကမှ တအံ့တဩဖြစ်နေမှာမဟုတ်ပါဘူး။ ထပ်ဆိုရရင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားသွားစေဖို့ ဒီလိုတိုက်ခိုက်မှုတွေကို ဟားမားစ်အဖွဲ့က လုပ်ဆောင်ခဲ့တာပါလို့ အစ္စရေးအစိုးရက စွပ်စွဲခဲ့ရင်လည်း ဘယ်သူကမှ အံ့ဩတော့မှာ မဟုတ်ပါဘူး။

ဒါပေမယ့် သုံးသပ်သူတချို့က အစ္စလာမ္မစ် ခုခံရေးလှုပ်ရှားမှုအဖွဲ့လို့ခေါ်တဲ့ ဟားမားစ်အဖွဲ့ထက် အယ်လ်ခိုင်ဒါအဖွဲ့ဘက်ကို အာရုံစိုက်ကြပါတယ်။ တစ်နည်းအားဖြင့် ဂါဇာကမ်းမြောင်ဒေသက အယ်လ်ခိုင်ဒါရဲ့ ဩဇာလွှမ်းမိုးမှုခံနေရတဲ့ စစ်သွေးကြွအုပ်စု အချို့ကိုပါ။

ဂါဇာမြေပေါ်မှာ ထွက်ပေါ်လာတဲ့ အစွန်းရောက် ပါလက်စတိုင်း စစ်သွေးကြွအုပ်စုလက်သစ်များ

အံ့ဩစရာတစ်ခုကတော့ အစ္စရေးနိုင်ငံ ကြုံခဲ့ရသမျှ တိုက်ခိုက်မှုတွေအားလုံးရဲ့ လက်သည်ဟာ ဟားမားစ်အဖွဲ့ ဟုတ်ချင်မှဟုတ်မယ်ဆိုတဲ့အချက်ပါ။ ပိုဖြစ်နိုင်တာကတော့ အယ်လ်ခိုင်ဒါနဲ့ ဆက်နွှယ်နေတဲ့ ပါလက်စတိုင်း စစ်သွေးကြွအုပ်စုတစ်စုကလည်း အစ္စရေးနိုင်ငံကို ပြီးခဲ့တဲ့နှစ်ကစပြီး ထပ်ခါတလဲလဲ တိုက်ခိုက်မှုတွေလုပ်ခဲ့ပါတယ်။ တစ်နည်းအားဖြင့် ဂါဇာကမ်းမြောင်ကို ၂၀၀၇ ခုနှစ်တည်းက ချုပ်ကိုင်ထားတဲ့ ဟားမားစ်အဖွဲ့ရဲ့ ဩဇာကို စိန်ခေါ်နေတဲ့ သဘောလို့ ဆိုနိုင်ပါတယ်။

တကယ်တော့ ဂါဇာကမ်းမြောင်ဒေသမှာ ဟားမားစ်အဖွဲ့နဲ့ ဂျေအစ်အယ်လ်အမ်မာတို့လို၊ အန်ဆာအယ်လ်ဆွန်နာတို့လို အသစ်အသစ်ထွက်ပေါ်လာတဲ့ အစွန်းရောက်စစ်သွေးကြွတွေအကြား အတွင်းကျိတ် အာဏာလွန်ဆွဲပွဲတစ်ခု ရှိနေပါတယ်။ အဲဒီ အစွန်းရောက်ပါလက်စတိုင်းစစ်သွေးကြွတွေက ဟားမားစ်အဖွဲ့ဟာ ဂျူး မဟာရန်သူတွေကို ဖိဖိစီးစီး တိုက်သင့်သလောက် မတိုက်ဘူးလို့ ယူဆကြပါတယ်။

အီကော်နောမစ် သတင်းစာကြီးရဲ့ အဆိုအရ အဲဒီ စစ်သွေးကြွအဖွဲ့တွေဟာ ဆော်ဒီအာရေဗျမှာ နေထိုင်ရင်း အဲဒီနိုင်ငံက ရှေးရိုးစွဲအစ္စလာမ်အယူသီးဂိုဏ်းခွဲဖြစ်တဲ့ ဆာလာဖစ်အုပ်စုရဲ့ အတွေးအခေါ်တွေ လွှမ်းမိုးခဲ့ရပါတယ်။ အဲ့ဒီ ဆာလာဖစ်အုပ်စုဟာ ပါလက်စတိုင်းနယ်မြေမှာ အရင်က အမြစ်မတွယ်ခဲ့ပါဘူး။ အခုဂါဇာကမ်းမြောင်မှာ အသစ်ထွက်ပေါ်လာတဲ့ စစ်သွေးကြွလှုပ်ရှားမှုရဲ့ ခေါင်းဆောင်ပိုင်းမှာ ဆရာဝန်တွေလို၊တက္ကသိုလ် ပါမောက္ခတွေလို ပညာတတ်တွေတောင် ပါဝင်နေတယ်လို့ ယူဆရပါတယ်။ သူတို့ဟာ မူလ ဟားမားစ်အဖွဲ့ကြီးရဲ့ အလယ်အလတ်သဘောထား၊ အစ္စရေးတွေရဲ့ တောင်းဆိုမှုတွေကို နားလည်လိုက်လျောဖို့ကြိုးစားချင်တဲ့ သဘောထားတွေကို လက်မခံလိုတဲ့ အစွဲပြင်းထန်သူ ဟားမားစ်အုပ်စုဝင်တွေလို့ ဆိုနိုင်ပါတယ်။

မူလဟားမားစ်အဖွဲ့က လက်တွေ့အားဖြင့် အယ်လ်ခိုင်ဒါကွန်ရက်နဲ့လည်း ပတ်သက်ခြင်းမပြု၊ အယ်လ်ခိုင်ဒါရဲ့ အယူအဆတွေကိုလည်း ပွင့်ပွင့်လင်းလင်း ငြင်းပယ်ခဲ့ပေမယ့် ဆာလာဖစ်အုပ်စုတွေလို့ခေါ်တဲ့ အစွန်းရောက် ပါလက်စတိုင်းအုပ်စုတွေကတော့ အိုစမာဘင်လာဒင်ကို ကိုယ်ရောစိတ်ပါ လိုက်လိုက်လှဲလှဲ ထောက်ခံခဲ့ကြသူတွေပါ။ အချို့ကဆိုရင် အိုစမာဘင်လာဒင်ကို သူတို့ရဲ့ လမ်းပြရှေ့ဆောင် သိုးကျောင်းသား (Righteous Shepherd) ရယ်လို့တောင် ကမ္ပည်းတပ်ကြပါသေးတယ်။

အစ္စရေး ဟာရက်ဇ်သတင်းစာရဲ့ အဆိုအရ ဂါဇာဒေသက အယ်လ်ခိုင်ဒါ လှုပ်ရှားမှုတွေကို ကြီးကြပ်သူဖြစ်တဲ့ ကူဝိတ်နိုင်ငံသား အယ်လ်ခိုင်ဒါ စစ်ဆင်ရေးမှူး ဆာမီအယ်လ်မူတိုင်ရီဟာ ဂါဇာဒေသက အယ်လ်ခိုင်ဒါထောက်ခံသူများအတွက် အမေရိကန်ဒေါ်လာ ၈၅၀၀၀၀ ကို ဆော်ဒီအာရေဗျနိုင်ငံသားတစ်ဦးက တစ်ဆင့်ပေးပို့ခဲ့တယ်လို့ သိရပါတယ်။ ဂါဇာ ကမ်းမြောင်က စစ်သွေးကြွတွေအတွက် အဲဒီငွေတွေနဲ့ ဆိုင်းနိုင်းဒေသမှာ လက်နက်တွေဝယ်ယူဖို့နဲ့ စစ်သွေးကြွများ ပုန်းခိုနိုင်ဖို့ ခန်ယူနစ်မြို့နဲ့ ရာဖာမြို့တွေမှာ တိုက်ခန်းတွေဝယ်ယူဖို့ ညွှန်ကြားခဲ့တယ်လို့ ဆိုပါတယ်။ မူတိုင်ရီ တင်းတင်းကျပ်ကျပ် ညွှန်ကြားခဲ့တာကတော့ ဂရက်ဒ် အမျိုးအစား ကတ်ယူရှာ ဒုံးကျည် ၂၅ စင်းလည်း ပါဝင်နိုင်ဖွယ်ရှိတဲ့ ဝယ်ယူပြီးသား လက်နက်တွေကို ဟားမားစ်အဖွဲ့က မသိမ်းနိုင်အောင် သေသေချာချာ လျှို့ဝှက်ထားဖို့ဖြစ်ပါတယ်။

ဒီတော့ မတ်လအတွင်းက အစ္စရေးနိုင်ငံကို ကတ်ဆမ် ဒုံးကျည်နဲ့ ပစ်ခတ်တိုက်ခိုက်မှု၊ ဩဂုတ်လအတွင်း ဂျော်ဒန်နိုင်ငံ အကာဘာမြို့ကို ဒုံးကျည်နဲ့ ပစ်ခတ်မှုတွေ အပါအဝင် အစောပိုင်းက ဖြစ်ပွားခဲ့တဲ့ အစ္စရေးနိုင်ငံကို ပစ်မှတ်ထား တိုက်ခိုက်မှုအတော်များများဟာ အယ်လ်ခိုင်ဒါ ဩဇာခံ ပါလက်စတိုင်း စစ်သွေးကြွအုပ်စုတွေရဲ့ လက်ချက်လို့ပဲ ဆိုနိုင်ပါတယ်။

အဲဒီလို အစွန်းရောက် ပါလက်စတိုင်း စစ်သွေးကြွအဖွဲ့တွေထဲက တစ်ဖွဲ့ဖြစ်တဲ့ ဂျေအစ်အယ်လ်အမ်မာဆိုတဲ့ အဖွဲ့ရဲ့ ကြွေးကြော်သံကိုပဲ ကြည့်ပါ။ အောက်ကျနောက်ကျ ဖြစ်နေတဲ့ အခြေအနေ၊ အခြားအစ္စလာမ္မစ်နိုင်ငံတွေရဲ့ ဥပေက္ခာသဘောထားတွေကြားကနေ ပါလက်စတိုင်းဒေသမှာ အစ္စလာမ္မစ်နိုင်ငံတစ်နိုင်ငံ ဖြစ်လာဖို့ပါတဲ့။ ဒီလေသံတွေဟာ အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်ရဲ့ ဝါဒရေးရာပဲ့ကိုင် အီဂျစ်နိုင်ငံသား အေမင် အယ်လ်-ဇာဝါဟာရီရဲ့ လေသံပါပဲ။

ဟားမားစ်အဖွဲ့ဟာလည်း ဒီလိုဆာလာဖစ်အုပ်စုတွေရဲ့ ပြဿနာကို ရင်ဆိုင်ဖြေရှင်းဖို့ ကြိုးစားခဲ့ရပါတယ်။ ဒါပေမယ့် အောင်မြင်တာနည်းပါတယ်။ ၂၀၀၉ ခုနှစ် ဩဂုတ်လမှာ အန်ဆာ အယ်လ်-ဆွန်နာ စစ်သွေးကြွအုပ်စုရဲ့ ခေါင်းဆောင် အက်ဘ်ဒယ်လ်လာတစ်ဖ် မူဆာက ဂါဇာကမ်းမြောင် ဒေသကို အစ္စလာမ္မစ်စော်ဘွားနိုင်ငံအဖြစ် ကြေညာခဲ့ပြီးနောက် ဟားမားစ်လုံခြုံရေးတပ်ဖွဲ့တွေဟာ ၎င်းပုန်းခိုနေတဲ့ ဝတ်ကျောင်းကို စီးနင်းတိုက်ခိုက်ခဲ့ကြပါတယ်။ အဲဒီ တိုက်ပွဲမှာ မူဆာအပါအဝင် ၂၄ ဦး သေဆုံးခဲ့ရပါတယ်။

ဒီအဖြစ်အပျက်ဟာ ဂါဇာကမ်းမြောင်ဒေသက ဟားမားစ်အုပ်စုနဲ့ အယ်လ်ခိုင်ဒါ ဩဇာခံ စစ်သွေးကြွတွေရဲ့ အကြား ပဋိပက္ခတစ်ရပ်လို့ ဆိုရမှာပါ။ ဒါပေမယ့် ဟားမားစ်အုပ်စုက ဂါဇာဒေသရဲ့ လုံခြုံရေးကို ဘယ်လောက်ပဲ တင်းတင်းကျပ်ကျပ် ကိုင်တွယ်နေပါစေ၊ ဆာလာဖစ်အုပ်စုတွေကလည်း အစ္စရေးနှင့် ပါလက်စတိုင်း ပစ်မှတ်တွေကို ပိုတိုးလို့သာ တိုက်ခိုက်လာပါတယ်။ နောက်ဆုံးတော့ ဆာလာဖစ် စစ်သွေးကြွအုပ်စုတွေ မွှေးတဲ့မီးက ဟားမားစ်ကို လောင်တော့တာပါပဲ။

အစ္စရေးနိုင်ငံကရော ပါလက်စတိုင်း အာဏာပိုင်အဖွဲ့ကပါ ဒီအကြမ်းဖက်တိုက်ခိုက်မှုတွေရဲ့ နောက်ကွယ်မှာ ဟားမားစ်ရှိနေပါတယ်လို့ လက်ညှိုးထိုးစွပ်စွဲခဲ့ကြပါတယ်။ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုကဆိုရင် ဂါဇာကမ်းမြောင်ဒေသက အစ္စရေးနိုင်ငံကို တိုက်ခိုက်ခဲ့သမျှ အားလုံးအတွက် ဟားမားစ်အဖွဲ့မှာ တာဝန်ရှိတယ်လို့ ထုတ်ဖော်ပြောခဲ့ဖူးပါတယ်။

အစ္စရေးဝန်ကြီးချုပ်ရဲ့အဆို မည်မျှမှန်သည်ဖြစ်စေ၊ သိသာထင်ရှားတာတစ်ခုကတော့ ဂါဇာကမ်းမြောင်မှာ အသစ်ထွက်ပေါ်လာတဲ့ အယ်လ်ခိုင်ဒါဩဇာခံ စစ်သွေးကြွတွေရဲ့ လှုပ်ရှားမှုဟာ လက်ရှိအစ္စရေးနှင့် ပါလက်စတိုင်းအကြား ပြုလုပ်ဆဲ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဆူးငြောင့်ခလုတ်တံသင်းပမာ ဖြစ်ခဲ့ပြီလို့ ဆိုနိုင်ပါတယ်။

ဗျည်းနွဲ့

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ စဉ့်ကိုင်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် (ပလိပ်)၌ မော်တော်ယာဉ်များ သဘာဝဓာတ်ငွေ့ ဝယ်ယူဖြည့်တင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (ခ)အဆင့် (မန္တလေး) စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (ခ)အဆင့်(မန္တလေး) သို့ရောက်ရှိရာ အထွေထွေမန်နေဂျာ (မန္တလေးပင်မ)က လက်ရှိ ဆောင်ရွက်နေသည့် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စက်သုံးဆီများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ စက်သုံးဆီ ပြတ်လပ်မှုမရှိအောင် အထူးဂရုပြု ဖြန့်ဖြူးဆောင်ရွက်ရေးနှင့် မီးဘေးအန္တရာယ် အထူးဂရုပြုကာကွယ်ရေး စသည်တို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်(ပလိပ်)၌ မော်တော်ယာဉ်များ သဘာဝဓာတ်ငွေ့ဝယ်ယူဖြည့်တင်းနေမှု၊ CNG ဆလင်ဒါအိုးများ တပ်ဆင်ထိန်းသိမ်းထားရှိမှုနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာပေးဟောပြော

သန်လျင် မြို့ဟောင်းအလက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၃ ရက်က ကျောင်းပရာ ခရိုင် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးဌာနစုမှူး ရဲအုပ်မောင်မောင်မြင့် ပညာပေးဟောပြောစဉ်။ (၅၂၇)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၉-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -အဘိဓမ္မာသဒ္ဒါမြတ်ကျမ်းစာ အပိုင်း(၃)
၇း၂၀ ၄။ ဓမ္မပူဇာတေး
၇း၂၅ ၅။ မျိုးချစ်တပ်မတော်
၇း၃၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၅။ မျိုးချစ်တပ်မတော်
၄း၄၅ ၆။ စိုက်ပျိုးသုတ
၄း၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် အပိုင်း(၁၉)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်
၆း၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၈)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk of The Town
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရုပ်မြင်သံကြားဇာတ်လမ်း -အရက်ဦးမှာဖူးသည့်ကြာ (အပိုင်း-၃) (ဇာတ်သိမ်း)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဂုဏ်ပြု ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အားပေးပြီး ဆုများချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ၂၀၀၉ - ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဂုဏ်ပြုပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင် ဦးဝင်းနိုင်က ပညာရည်ချွန်ဆုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မငွေပြည့်စိုးနှင့် ငါးဘာသာဂုဏ်ထူးရှင် မသဲအိဖြူတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က လေးဘာသာဂုဏ်ထူးရှင် လေးဦးအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးတို့အား လည်းကောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက တစ်ဘာသာဂုဏ်ထူးရှင် သုံးဦးတို့အား လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ထူးချွန်ဆုရရှိကြသူများကိုယ်စား လေးဘာသာဂုဏ်ထူးရှင် မဖြူသဲချိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး မလိခ ဦးစိုးထိုက်အောင်က အလှူရှင်များစာရင်းကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းက ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် ထူးချွန်ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ပညာရည်ချွန် ထူးချွန်ဆုရရှိကြသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်သင်တန်း (၁/၂၀၁၀) သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ပြန်ကြားရေး ဝန်ကြီး ဌာန ဝန် ကြီး ဦး ကျော် ဆန်း ၂၀၀၉-၂၀၁၀ ပညာ သင်နှစ် တက္ကသိုလ်ဝင် စာ မေး ပွဲ တွင် ငါး ဘာ သာ ဂုဏ် ထူး ဖြင့် အောင် မြင် ခဲ့ သော မသဲအိဖြူ အား ဂုဏ်ပြုဆု ပေးအပ် ချီးမြှင့် စဉ်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ၂၀၀၉ - ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဂုဏ်ပြုပွဲ၌ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

Yangon Lifestyle Furniture Fair 2010 အကောင်းဆုံးပြခန်း ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ Yangon Lifestyle Furniture Fair 2010 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်ထိ ခင်းကျင်းပြသခဲ့ရာ ပါဝင်ပြသခဲ့သည့် ပြခန်းများမှ အကောင်းဆုံးပြခန်း ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီက တပ်မတော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်က ဆုချီးမြှင့်ပွဲ ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာက ဆုရွေးချယ်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဦးစိန်လွင် **(အောက်ပုံ)**၊ အထွေထွေအတွင်းရေးမှူး ဦးနေထွန်းမင်းနှင့် ဗဟိုအလုပ်အမှုဆောင်များက အထူးဆုရရှိသည့် Thousand Islands Business Group ကို လည်းကောင်း၊ ပြခန်း ပထမဆုရရှိသည့် Lin Win Co., Ltd. ကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် မြန်မာမေကောင်း Wood Based Industry Co.,Ltd. ကို လည်းကောင်း၊ တတိယဆုရရှိသည့် Cupid Furniture ကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဒီဇိုင်းနှင့် ပြခန်းခင်းကျင်းမှု အကောင်းဆုံးဆုရရှိသည့် Htoo International Industry Group Co., Limited ကို Thousand Islands Business Group မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမင်းသိန်းက ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ ထစ်ချုန်းနိုင်

နေပြည်တော် စက်တင်ဘာ ၁၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ပျဉ်းမနားမြို့နယ်နှင့် စစ်ကိုင်းမြို့တို့တွင် ၁ ဒသမ ၄၁ လက်မစီ၊ လယ်ဝေးမြို့နယ်တွင် ၁ ဒသမ ၀၆ လက်မ၊ ပူတာအိုမြို့တွင် ၅ ဒသမ ၀၀ လက်မ၊ သာစည်မြို့တွင် ၂ ဒသမ ၇၇ လက်မ၊ ရွှေဘိုမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ နွားထိုးကြီးမြို့တွင် ၁ ဒသမ ၇၁ လက်မ၊ ဟဲဟိုးမြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၁ ဒသမ ၆၉ လက်မစီ၊ တောင်ငူမြို့ (လေကြောင်း)တွင် ၁ ဒသမ ၅၀ လက်မနှင့် ပုသိမ်မြို့တွင် ၁ ဒသမ ၄၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၂၀ ရက် ညနေထိခန့်မှန်းချက် ။ ။ ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၉-၂၀၁၀ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"အချိန်ရှိခိုက်လှုံ့လစိုက်" တရားတော် [ဘဒ္ဒန္တစန္ဒသေန (သုညတဓမ္မဆရာတော်)]
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၉)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၃)**
၈း၄၀	ဗန်းမော်မြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏
၉း၀၅	ဈေးနှုန်းချိုသာ မြန်မာ့ကြွေအမိုးပြား (သာယာဝတီ)
၉း၁၀	လွယ်ကူမြန်ဆန်စေရာ . . . စံမြန်မာ
၉း၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ (မျက်စိအတွင်းတိမ်ရောဂါအကြောင်းသိကောင်းစရာ)
၉း၅၀	သီချင်းလေးနဲ့အတူလိုက်ခဲ့တော့
၁၀း၁၅	ရွှေဖြစ်မည့် ရတနာအစစ် . . .
၁၀း၂၅	The Champion of Dance
၁၁း၀၀	Celebrity Choice (Too Big)
၁၁း၃၀	Blue Wind Multimedia Art Festival
၁၁း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅	စာအုပ်ပြခန်း (အလင်္ကာဝတ်ရည်မဂ္ဂဇင်း)
၁၂း၃၅	Make In A Delicious Way (Morocan မှ စွဲမက်ဖွယ်ရာ အစားအစာများ)
၁း၀၀	"အချိန်ရှိခိုက်လှုံ့လစိုက်" တရားတော် [ဘဒ္ဒန္တစန္ဒသေန (သုညတဓမ္မဆရာတော်)]
၂း၀၀	MRTV-4 သတင်း
၂း၂၀	သူတို့ဘဝသူတို့ဟာသ (ဦးချစ်စရာ)
၂း၅၅	FMF Selection
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၉)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၃)**
၄း၄၀	ဈေးနှုန်းချိုသာ မြန်မာ့ကြွေအမိုးပြား (သာယာဝတီ)
၄း၅၀	လွယ်ကူမြန်ဆန်စေရာ . . . စံမြန်မာ
၅း၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၂၀)**
၇း၂၅	ဗီဒီယိုပြခန်း
၇း၄၅	International Show Biz
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (ယောက္ခမနဲ့အတူနေတာ ကောင်းတယ်၊ ယောက္ခမနဲ့အတူမနေတာ ကောင်းတယ်)
၉း၃၀	**MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၄)**
၁၀း၁၀	အနုပညာမိုးကောင်းကင်
၁၀း၃၅	သီချင်းလေးနဲ့အတူလိုက်ခဲ့တော့
၁၀း၅၅	ဈေးဝယ်လမ်းညွှန် (ဝါရွှေစင်ပိုးထည်)
၁၁း၂၀	ရွှေဖြစ်မည့် ရတနာအစစ် . . .
၁၁း၃၀	Shooting Making (ဖြစ်ခွင့်ရလျှင်ဇာတ်ကား ရိုက်ကူးပုံဖော်နေမှုများ)
၁၁း၅၀	ပြည်တွင်းမှာပင် ချုပ်လုပ်ထား ခေတ်မီအသွင်ဆန်း သားရေအိတ်များ
၁၂း၀၀	နှလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ (တတိယပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)
၁၂း၂၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဝေမိုး)
၁၂း၅၅	Make In A Delicious Way (Morocan မှ စွဲမက်ဖွယ်ရာ အစားအစာများ)
၁း၁၅	Blue Wind Multimedia Art Festival
၁း၃၀	လူနေမှု ဘဝအလှထဲက မြန်မာ့သနပ်ခါး . . .
၁း၅၀	Celebrity Profile (Lee Byaung Hun)
၂း၃၀	လှုပ်ရှားစုံစုံ မြန်မာ့သုခမဇာတ်ခုံ (ဖိုးချစ်) (အပိုင်း-၂)
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	နောက်မကျရအောင် (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
၄း၁၅	တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၄း၂၅	မြန်မာ့အနုပညာ ပန်းငွေထည်လုပ်ငန်း
၄း၄၀	ဗန်းမော်မြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

✲ ကျောဖုံးမှ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီစေရန် သုတေသနပြု မျိုးစပ်ထုတ်လုပ်ခဲ့သော ငွေချည်(၆) ချည်မျှင်ရှည်ဝါမျိုးအား ယခင်ရှိခဲ့သော ဝါမျိုးများနှင့် နှိုင်းယှဉ်ပါက ဝါထွက်နှုန်းမြင့်မားခြင်း၊ ဂွမ်းမွေး အရည်အသွေးကောင်းမွန်ခြင်း၊ ဂွမ်းထွက်နှုန်းကောင်းမွန်ခြင်း၊ အသက်လျင်ခြင်း၊ မိုးကြို၊ မိုး၊ မိုးနှောင်း ရာသီမရွေး စိုက်ပျိုးနိုင်ခြင်း၊ လက်ရှိဝါစိုက်ပျိုးသည့် ဒေသအားလုံး၌ စိုက်ပျိုးဖြစ်ထွန်းပြီးကျယ်ပြန့်သော ဒေသကိုက်ညီမှုရှိခြင်း၊ ရာသီဒဏ်ခံနိုင်ရည်ရှိခြင်း၊ ဝါထွက်နှုန်းကို အဓိကထိခိုက်စေသည့်သီးလုံးဖောက်ပိုးများအား ခံနိုင်ရည်ရှိခြင်း၊သီးလုံးဖောက်ပိုးများအား ကာကွယ်နှိမ်နင်းရန် ပိုးသတ်ဆေးဖိုးနှင့် ဆေးဖျန်းစရိတ် သက်သာခြင်း၊ ပန်းရောင်သီးလုံးဖောက်ပိုးကြောင့်ဖြစ်သော ကျွယ်ဝါနှင့် အရောင်စွန်းဝါများ ကင်းပြီး ဝါအရည်အသွေး အတန်းအစား ပိုမိုကောင်းမွန်သဖြင့် ဝါဈေးနှုန်းပိုမိုရရှိခြင်း၊ သီးလုံးဖောက်ပိုးများ ကျရောက်မှုကို ပူပန်စိုးရိမ်ရန်မလိုတော့ဘဲ ဝါစိုက်တောင်သူများစိတ်အေးချမ်းမြေ့စွာ ဝါစိုက်ပျိုးလာနိုင်ခြင်း၊ ဝါအထွက်နှုန်းကောင်းရန်နှင့် အကျိုးအမြတ်ရရှိရန်သေချာခြင်း၊ သီးလုံးဖောက်ပိုးကျရောက်မှု ကင်းဝေးခြင်းကြောင့် အခြားအပင်ပြုစုမှုလုပ်ငန်းများ(ဓာတ်မြေဩဇာ ထည့်သွင်းခြင်း၊ အပင်ဖြစ်ရေသွင်းခြင်း၊ ပေါင်းမြက်နှိမ်ခြင်း)ဆောင်ရွက်ခြင်းမှ အထွက်နှုန်းတုံ့ပြန်မှုပိုမိုရရှိခြင်း၊ ဝါသီးတင်မှုနှုန်းမြင့်မားခြင်း၊ ဝါပေါက်မှုညီညာခြင်း၊ ဝါပေါက်ကြီး၍ အလေးချိန်စီးခြင်း၊ ဝါကောက်ရလွယ်ကူခြင်း စသည့်အားသာချက်များရှိကြောင်း သိရှိရသည်။

ယခုအခါ မြန်မာနိုင်ငံ၌ ငွေချည်(၆) ချည်မျှင်ရှည်ဝါကိုနိုင်ငံတစ်ဝန်းလုံး ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးပြီး ကမ္ဘာ့အဆင့်မီအရည်အသွေးပြည့်ဝစွာစိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်သည်။ နှစ်နှစ်တာ စိုက်ပျိုးထုတ်လုပ်မှု အတွေ့အကြုံများအရ ငွေချည်(၆)ချည်မျှင်ရှည်ဝါသည် အခြားသော စီးပွားရေးကဏ္ဍများကိုကျယ်ကျယ်ပြန့်ပြန့်ဖွံ့ဖြိုးတိုးတက်စေနိုင်သည့် စက်မှုကုန်ကြမ်းသီးနှံဖြစ်ကြောင်းတွေ့ရှိရသည်။ ယခင်က ဝါမျိုးများသည် တစ်ဧကအမြင့်ဆုံး အထွက်နှုန်း ပိသာ ၄၀၀-၅၀၀ ခန့်သာ ရရှိခဲ့သော်လည်း ငွေချည်(၆) ဝါမျိုးသည် ယခုအခါ တစ်ဧကပိသာ ၁၆၀၀ ထွက်ရှိသည်အထိ စိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်ရာ ထွက်ရှိသောငွေချည်(၆) ချည်မျှင်ရှည်ဝါကို အသုံးပြု၍နိုင်ငံပိုင် စက်ရုံအလုပ်ရုံများနှင့် ပုဂ္ဂလိကပိုင်စက်ရုံ အလုပ်ရုံများက အရည်အသွေး ကောင်းမွန်သော အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများစွာကို ထုတ်လုပ်ပေးလျက်ရှိသည်။ထို့အပြင် ပြည်တွင်းသုံးလိုအပ်ချက်မှ ပိုလျှံသည့်ဝါဂွမ်းများကို ပြည်ပသို့ ရောင်းချနိုင်ခဲ့သည်။

ဝါသည် အလွန်ရှေးကျသည့် သီးနှံဖြစ်သော်လည်း အခြားသောသီးနှံများထက် စိုက်ပျိုးမှုနည်းပညာ ကျယ်ပြန့်သည့်အပြင် ဝါတစ်ပင်လုံးကို အသုံးပြု၍ လူသုံးကုန်ပစ္စည်း အမျိုးပေါင်း ၁၅၀ ခန့် ထုတ်လုပ်သုံးစွဲနိုင်သည်။ ဝါသည်ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး၊လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင်အရေးပါသော အခန်းကဏ္ဍမှပါဝင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးလျက်ရှိသည်။

လူသားတို့ကို အကျိုးပြုသည့် သီးနှံအမျိုးအစားပေါင်း များစွာရှိသည့်အနက် နေ့စဉ်စားသုံးနေရသည့် ဆန်၊ ဂျုံ၊ ပြောင်း စသည့် စားသုံးသီးနှံများစွာကို နေရာဒေသနှင့် ရာသီဥတုအပေါ်မူတည်၍ စိုက်ပျိုးထုတ်လုပ်ကြရသည်။ စားသုံးသီးနှံများကိုလူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုနှင့် ဓလေ့စရိုက်များကိုလိုက်၍ နှစ်သက်ရာ ရွေးချယ်စားသုံးနိုင်ကြသော်လည်း အဝတ်အထည်များအတွက်မူ ဝါသီးနှံ တစ်မျိုးတည်းကိုသာ အဓိကထားသုံးစွဲကြရသည်။နိုင်ငံတိုင်းရှိလူသားတိုင်းက ဝါကို မဖြစ်မနေ သုံးစွဲနေကြရသော်လည်း တစ်ကမ္ဘာလုံးတွင်ဝါစိုက်ပျိုးဖြစ်ထွန်းသည့်နိုင်ငံပေါင်း ၇၀ ခန့်သာရှိသည်။ ထို့ကြောင့် ဝါနှင့် ဝါဂွမ်းသည် ပြည်တွင်းဈေးကွက်တွင်သာမက ကမ္ဘာ့ဈေးကွက်တွင်ပါ အစဉ်သဖြင့် အရောင်းအဝယ်ဖြစ်ထွန်းနေသည့် သီးနှံဖြစ်သည်။ ကမ္ဘာ့လူဦးရေ တိုးတက်နေသည်နှင့်အမျှ ဈေးကွက်ရှိနေမည့် သီးနှံဖြစ်သည်။

လူတစ်ဦးသည် တစ်နှစ်လျှင် ချည်ထည် ၁ ဒသမ ၈၆ ပိသာခန့် သုံးစွဲရန်လိုအပ်ကြောင်း ပညာရှင်များခန့်မှန်းတွက်ချက်ထားသည်။ ချည်ထည် ၁ ဒသမ ၈၆ ပိသာရရှိရန်ဝါခြောက်ပိသာခန့်အသုံးပြုရသည်။ ဤနှုန်းထားအတိုင်း ကမ္ဘာ့လူဦးရေအပေါ် တွက်ချက်ပါက တစ်ကမ္ဘာလုံး ဝါဂွမ်းလိုအပ်မှု မည်မျှများပြားကြောင်းခန့်မှန်းနိုင်သည်။ဝါစိုက်ပျိုးသောနိုင်ငံတိုင်းက စိုက်ပျိုးထွက်ရှိသမျှ ဝါဂွမ်းကို ကုန်အောင်မသုံးစွဲနိုင်သကဲ့သို့ ဝါစိုက်ပျိုးဖြစ်ထွန်းနိုင်ခြင်းမရှိသည့် နိုင်ငံများကလည်း ဝါဂွမ်းကိုအမြဲဝယ်ယူသုံးစွဲနေရသဖြင့် ကမ္ဘာ့ဝါဂွမ်းအထွက်၏ ၃၀ ရာခိုင်နှုန်းသည် နိုင်ငံတကာဈေးကွက်၌ အမြဲတမ်း ရောင်းဝယ်ဖောက်ကားနေကြောင်း သိရှိရသည်။ ထို့ကြောင့် ဝါသည်ဈေးကွက်ခိုင်မာသော သီးနှံဖြစ်သည်။

တောင်သူများအနေဖြင့် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးခြင်း၊ သွင်းအားစုနှင့် နည်းပညာများကို မှန်ကန်စွာအသုံးချခြင်းတို့ဖြင့် အရည်အသွေးကောင်းမွန်သည့် ဝါဂွမ်းများကို စိုက်ပျိုးထုတ်လုပ်နိုင်သည်။ ဝါတစ်ဧကအတွက်စိုက်ပျိုးစရိတ်သည် သွင်းအားစုအပါအဝင် ပျမ်းမျှကျပ်နှစ်သိန်းခွဲခန့်သာကုန်ကျပြီး ပျမ်းမျှအထွက်နှုန်း တစ်ဧက ပိသာ ၁၀၀၀ ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်ပါက တစ်ဧကလျှင်ပျမ်းမျှ ခုနစ်သိန်းခွဲခန့် အမြတ်ငွေရရှိနိုင်မည်ဖြစ်သည်။ စတင်စိုက်ပျိုးချိန်မှ အမြီးသတ် ကောက်သိမ်းချိန်အထိ ငါးလခန့်သာ ကြာမြင့်သောကြောင့် တောင်သူတစ်ဦး၏ တစ်လဝင်ငွေ တစ်သိန်းကျော်ရရှိမည်ဟု ခန့်မှန်းနိုင်ပါသည်။ အမြင့်ဆုံးအထွက်နှုန်း တစ်ဧကပိသာ ၁၆၀၀ ရရှိအောင် ကြိုးပမ်းနိုင်မည်ဆိုလျှင် ရရှိမည့်အကျိုးအမြတ်ကို တွက်ဆကြည့်နိုင်ပေသည်။ ဝါစိုက်ပျိုးရေးလုပ်ငန်းသည် တောင်သူများအတွက် ရေရှည်အကျိုးဖြစ်စေမည့် လုပ်ငန်းဖြစ်ပြီး အကျိုးအမြတ်များသောလုပ်ငန်းဖြစ်၍ စူးစူးစိုက်စိုက် ကြိုးစားလုပ်ကိုင်ပါက တောင်သူများ ဝင်ငွေမြင့်မားလာမည်ဖြစ်သည်။

ဝါသည် မြေညံ့၌ပင် ပေါက်ရောက်နိုင်ခြင်း၊ ရာသီဥတုအပူဒဏ်ခံနိုင်ခြင်း၊ သယ်ယူပို့ဆောင်ရာတွင် အပျက်အစီးနည်းခြင်းတို့ကြောင့် အကြမ်းခံနိုင်သော သီးနှံဖြစ်သည်။မြန်မာပြည်အလယ်ပိုင်းရှိ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့သည် ဝါအဓိကစိုက်ပျိုးသည့်ဒေသများဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းဇယားများအရ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် အောက်ပါအတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်-

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	စိုက်ဧက	ခန့်မှန်းအထွက် (ပိသာ)
၁	စစ်ကိုင်းတိုင်းဒေသကြီး	၁၄၁၀၀၀	၆၃၄၆၅၄၀၀
၂	မန္တလေးတိုင်းဒေသကြီး	၂၆၈၀၀၀	၈၃၂၀၄၂၄၈
၃	မကွေးတိုင်းဒေသကြီး	၂၆၇၅၀၀	၁၂၉၇၃၇၅၀၀
၄	ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)	၂၁၃၁၂	၈၉၆၆၁၇၂
၅	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၀၈၈	၇၂၂၈၄၀
၆	ဧရာဝတီတိုင်းဒေသကြီး	၆၀၀	၂၅၉၆၈၈
၇	ကချင်ပြည်နယ်	၆၂	၁၅၅၀၀
	စုစုပေါင်း	**၆၉၉၃၆၂**	**၂၈၆၃၇၁၃၄၈**

မိမိတို့ လယ်ယာမြေအနေအထား အရရေပေးသွင်းနိုင်၍ သီးထပ်စိုက်ပျိုးလိုပါကစပါးပြီး ချည်မျှင်ရှည်ဝါ စိုက်ပျိုးခြင်းသည် ဝါတွင်ကျရောက်သည့်ပန်းရောင်နှင့် အစိမ်းရောင်သီးလုံးဖောက်ပိုးကို ကာကွယ်နိုင်ကြောင်း ပိုးမွှားရောဂါဗေဒပညာရပ် သုတေသနပြုချက်အရ သိရှိရသည်။ဝါပြီးဝါစိုက်ပျိုးလျှင်လည်း မြေဩဇာကျွေးခြင်း၊ထယ်ရေးစနစ်တကျပြုလုပ်ခြင်း၊ ရေသွင်းခြင်းတို့ဖြင့် အထွက်နှုန်းမလျော့အောင် ဆောင်ရွက်နိုင်ကြောင်းနှင့် အမေရိကန်ပြည်ထောင်စု၊ အီဂျစ်၊ အိန္ဒိယ၊ တရုတ် စသည့်ကမ္ဘာ့ဝါဂွမ်းအများဆုံး ထုတ်လုပ်သည့် နိုင်ငံများတွင် ဝါပြီးဝါစိုက်ပျိုးသော ဒေသများစွာရှိကြောင်းသိရသည်။မြန်မာနိုင်ငံတွင်လည်း ရေပေးသွင်းနိုင်ပါကဝါပြီးဝါစိုက်ပျိုးခြင်းကို စမ်းသပ်လုပ်ဆောင်သင့်ပေသည်။

စိုက်ပျိုးရေးလုပ်ငန်းသည် ပုံသေကားချပ်မရှိဘဲ သီးနှံဖြစ်ထွန်းရန်လိုအပ်သော သဘာဝပတ်ဝန်းကျင်ဖြစ်စေရန် ပြုပြင်ပေးရခြင်း၊ ဖြစ်ပေါ်နေသော သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီအောင် သီးနှံကို ပြုပြင်ပေးရခြင်းနှင့် သဘာဝဘေးအန္တရာယ်နှင့် ပိုးမွှားအန္တရာယ်တို့မှ ကာကွယ်ပေးရခြင်း စသည့် လုပ်ငန်းများကို ခေတ်မီနည်းပညာနှင့် တောင်သူတို့ အတွေ့အကြုံ ပေါင်းစပ်၍ ဆောင်ရွက်ရန်လိုသည်။ ဝါစိုက်တောင်သူများ အနေဖြင့် သဘာဝပေးအခြေအနေအပေါ် လုံးဝမှီခိုပြီးမိရိုးဖလာစိုက်ပျိုးနည်းများကိုသာမက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြန့်ဝေပေးထားသည့်ငွေချည်(၆)ဝါမျိုးကောင်းမျိုးသန့်မျိုးဝါစေ့ရယူခြင်း၊ စိုက်ပျိုးနည်းပညာပေးထားသည့်အတိုင်း မှန်ကန်စွာထွန်ယက်ခြင်း၊ နည်းစနစ်မှန်စွာ စိုက်ပျိုးခြင်း၊ ထိရောက်သော သွင်းအားစု(ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေး) အသုံးပြုခြင်း၊လိုအပ်ပါက မိမိတို့ အစီအစဉ်ဖြင့် ရေသွင်းနိုင်အောင် စီမံခြင်းများဖြင့်ဝါအထွက်နှုန်းမြင့်မား၍ ဝင်ငွေကောင်းစွာရရှိအောင် ဆောင်ရွက်သင့်ပေသည်။

စဉ်	ဂွမ်းမွေးအရှည် ($^{၁}/_{၃၂}$)လက်မ	ဝါအဆင့်အတန်း	ထုတ်လုပ်နိုင်သည့် အဝတ်အထည်များ	မှတ်ချက်
၁။	၃၆ နှင့်အထက်	‘အေ’	ချည်ချောပုဆိုး၊ပါတိတ်၊	ချည်ချောအပါး
၂။	၃၆ နှင့် ၃၄ အတွင်း	‘ဘီ’	ပေါ်ပလင်သက်န်း၊ခန်းဆီးစ၊	ချည်ချောအထူ
၃။	၃၄ နှင့် ၃၂ အတွင်း	‘စီ’	ချည်ကြမ်းလုံချည်၊ချည်စောင်	ချည်ကြမ်းထည်

အမှတ်(၁)စက်မှုဝန်ကြီးဌာနအနေဖြင့် ဝါထွက်ရာသီတိုင်း တောင်သူများ စိုက်ပျိုးထွက်ရှိသည့် ဝါများအလွယ်တကူရောင်းချနိုင်ရန်ဝါစိုက်ပျိုးထွက်ရှိရာ ဒေသများတွင် အခြေပြုဝါဒိုင်များ၊ နယ်လှည့်ဝါဒိုင်များ၊ ဝါစက်ဒိုင်များ ဖွင့်လှစ်၍ ကျယ်ကျယ်ပြန့်ပြန့် ဝယ်ယူလျက်ရှိသည်။ နိုင်ငံတကာစံချိန်စံညွှန်းအတိုင်း အရည်အသွေးစမ်းသပ်စစ်ဆေးပြီး အဆင့်အတန်းသုံးမျိုး ခွဲခြားဝယ်ယူလျက်ရှိသည်။ ဝါအဆင့်အတန်းကိုဝါ၏ဂွမ်းမွေးအရှည်ကိုတိုင်းတာ၍ ခွဲခြားသတ်မှတ်သည်။ ဝါဂွမ်းဈေးနှုန်းသတ်မှတ်ရာတွင်ဂွမ်းမွေးရှည်လေ ထုတ်လုပ်နိုင်သည့် အဝတ်အထည် အရည်အသွေးပိုကောင်းလေဖြစ်၍ ဈေးကောင်းရလေဖြစ်သည်။ ဂွမ်းမွေးအရှည်ကို တစ်လက်မတွင် ၃၂ စိတ် စိတ်ထားသည့် ပေတံဖြင့်တိုင်းတာသည်။ ဂွမ်းမွေးအရှည်အပေါ်မူတည်၍ ဝါအဆင့်အတန်းခွဲခြားမှုနှင့် ဝါအဆင့်အတန်းအလိုက် ထုတ်လုပ်နိုင်သည့် အဝတ်အထည်များမှာ အထက်ဖော်ပြပါအတိုင်းဖြစ်သည်။

ဝါဒိုင်မှအရည်အသွေးစစ်ဆေးသူများအနေဖြင့်အစိုဓာတ်ပါဝင်မှုကို အစိုဓာတ်တိုင်းကိရိယာ(Moisture Meter) အသုံးပြုစစ်ဆေးပြီး ကျန်အရည်အသွေး သတ်မှတ်ချက် ခြောက်ခုကို မျက်မြင်စိစစ်သွားမည် ဖြစ်ကြောင်းသိရသည်။ဝါများကို အရည်အသွေး စစ်ဆေးဝယ်ယူခြင်းသည် နိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကစက်ရုံအလုပ်ရုံများမှ အရည်အသွေးမြင့်မားသော အဝတ်အထည်များ ထုတ်လုပ်နိုင်ရန်နှင့် ပိုလျှံသော ဝါဂွမ်းများကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချရာ၌ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ရောင်းချနိုင်ပြီး ဈေးကွက်တွင် ဝါဂွမ်းရောင်းချသော နိုင်ငံတစ်နိုင်ငံအဖြစ် ရေရှည်ရပ်တည်နိုင်စေရန်ဖြစ်သည်။ဈေးကွက်တွင် ပစ္စည်းကောင်းကို အများထက် ဈေးနှုန်းချိုသာစွာ ထုတ်လုပ်နိုင်မှသာ ယှဉ်ပြိုင်ရောင်းချနိုင်ပေမည်။ ထို့အပြင် ကုန်ပစ္စည်း၏ အရည်အသွေးများလည်း တညီတည်းမှန်ကန်ရန်လိုအပ်ပေသည်။ ဝယ်ယူသူနိုင်ငံများ၏ မိမိပစ္စည်း အရည်အသွေးအပေါ် ယုံကြည်မှုရရှိမှသာ မိမိရောင်းကုန်ပစ္စည်း ဈေးကောင်းရမည်ဖြစ်ပြီး ဈေးကွက်တွင် အမြဲတမ်းနေရာရရှိနိုင်ပေမည်။အရည်အသွေး မှန်ကန်စေရန် ဝါစိုက်ပျိုးသူ၊ ဝါဝယ်ယူသူ၊ ဝါကြိတ်ခွဲထုတ်လုပ်သူ၊ ချည်မျှင်နှင့် အထည်ထုတ်လုပ်သူ၊ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချသူ စသည့် အဆင့်ဆင့်တိုင်းကအဆင့်အလိုက် သတ်မှတ်ထားသည့် နည်းပညာ၊ နည်းစနစ်၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံး၍ အဆင့်အလိုက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးကောင်းမွန်မှန်ကန်အောင် ကြိုးပမ်းဆောင်ရွက်ကြရပေမည်။

ဝါကိုကြိတ်ခွဲလျှင် ဝါဂွမ်း၊ ဝါစေ့၊ လင်တာဂွမ်း၊ဝါစေ့ဆီကြည်၊ဝါစေ့ဆီချေး၊ ဝါစေ့ကြိတ်ဖတ်၊ဝါစေ့ခွံ၊ လင်တာဝါဂွမ်းအမှုန်(လင်တာချေး)စသည့် ပစ္စည်းများ ထွက်ရှိပြီး ဂွမ်းကို ချည်၊ အဝတ်အထည်၊ ဆေးဂွမ်း၊ ပတ်တီးများထုတ်လုပ်သည့် စက်မှုလုပ်ငန်းများတွင် လည်းကောင်း၊ ဝါစေ့ကိုစိုက်ပျိုးရေးတွင် မျိုးစေ့အဖြစ်နှင့် ဝါစေ့ဆီကြိတ်ရန် ကုန်ကြမ်းအဖြစ်လည်းကောင်း၊ ဝါစေ့ဆီကို စားသုံးဆီ(အကြော်ခံဆီ)အဖြစ် လည်းကောင်း၊ ဝါစေ့ဆီချေးအားဆပ်ပြာနှင့် အလှကုန်ပစ္စည်း ပြုလုပ်ရာတွင် လည်းကောင်း၊ ဝါစေ့ကြိတ်ဖတ်နှင့် ဝါစေ့ခွံကို ပဲဖတ်၊ နှမ်းဖတ်ကဲ့သို့တိရစ္ဆာန်အစားအစာအဖြစ် လည်းကောင်း၊ လင်တာဝါဂွမ်းကို အနွေးထည်၊ မွေ့ရာ၊ ဆိုဖာ စသည့် အိမ်သုံးပစ္စည်းများ ပြုလုပ်ရာတွင် လည်းကောင်း၊ လင်တာဝါဂွမ်းအမှုန်(လင်တာချေး)ကို သဘာဝမြေဩဇာအဖြစ်လည်းကောင်း အသုံးပြုကြသည်။

ဝါစိုက်ပျိုး ဖြစ်ထွန်းအောင်မြင်ခြင်းဖြင့် သယ်ယူပို့ဆောင်ရေး၊ စက်မှုလက်မှုလုပ်ငန်း၊ ကုန်သွယ်ရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေး၊ လူမှုရေး စသည့်ကဏ္ဍများဖွံ့ဖြိုးတိုးတက်စေသည်သာမက တောင်သူတစ်ဦးချင်း ဝင်ငွေမြင့်မားလာပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးလာစေမည်ဖြစ်သည်။ငွေချည်(၆)ဝါသည် ပြည်တွင်းပြည်ပဈေးကွက်တွင် ခိုင်မာသောရောင်းကုန်ဖြစ်ပြီးနိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုနေသည့် ငွေချည်(၆)ဝါအား အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြပါစို့ဟု ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ချည်မျှင်စက်ရုံ(မြစ်သား)၌ ငွေချည်(၆)ဝါဂွမ်းမှ ချည်မျှင်ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်အတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ငွေချည်(၆) ဝါစိုက်ခင်းကို တွေ့ရစဉ်။

ဟိန္ဒူမိသားစုများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးဌာန၌ ကျင်းပရာ သွေးလှူပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာကြည်ဝင်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး သွေးလှူရှင်ပေါင်း ၁၀၀ တို့ စုပေါင်းသွေးလှူဒါန်းကြစဉ်။
(ကြေးမုံ)

အရှိန်အဟုန် ရရှိနေပြီဖြစ်သည့် အခြေခံကောင်းများကို တန်ဖိုးရှိရှိအသုံးချပြီး မိမိတို့၏ လူမှုစီးပွားဘ ပေါများကြွယ်ဝသည့် သဘာဝအရင်းအမြစ်များကို လူ့စွမ်းအားအရင်းအမြစ်များနှင့် ပေါင်းစပ်ပြီး စက်မှုနိုင်ငံထူထော

☆ ရွှေဖုံးမှ
ဒိုးပတ်အဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့ အခမ်းအနားမှာ တစ်စပ်တည်း ရထားဖြင့် သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

အခြေခံကျ

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် ဒေသတစ်ခု၊ နယ်မြေတစ်ခု ဒေသအနှံ့ လွှမ်းခြုံပြီး ဆက်သွယ်သွားလာနိုင်သည့် မီးရထားလမ်းများကို အရှိန်အဟုန်ဖြင့် ဖောက်လုပ်ပေးနေခြင်းဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ် မတိုင်မီက မီးရထားလမ်းအရှည် မိုင်ပေါင်း ၁၉၀၀ ကျော်သာရှိခဲ့ရာမှ

(၈) ဟင်္သာတ-ညောင်တုန်းလမ်း
(၉) ပြည်-တောင်ငူလမ်း
(၁၀) နေပြည်တော်-တပ်ကုန်း-ပင်လောင်းလမ်း
(၁၁) မြစ်ကြီးနား-ဗန်းမော်-သီပေါ-နမ့်ဆန်လမ်း

တောင်ဖျားရှိ ကော့သောင်မြို့အထိလည်းကောင်း၊ မြန်မာနိုင်ငံအရှေ့ဖျားမူဆယ်၊ လားရှိုး၊ ကျိုင်းတုံမြို့များမှ အနောက်ဖျားစစ်တွေအထိ လည်းကောင်း၊ အထက်-အောက်-ဝဲယာ တစ်နိုင်ငံလုံးအနှံ့ မော်တော်ကားဖြင့်



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မင်းလှ-မင်းဘူး ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမက နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံကျသည့်လိုအပ်ချက်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ ကောင်းမွန်သည့် ဒေသများသည် လျင်လျင်မြန်မြန်

ယနေ့ ဖွင့်လှစ်လိုက်သည့် ရထားလမ်းပိုင်းအပါအဝင် ရထားလမ်းအရှည် မိုင်ပေါင်း ၁၅၀၀ ကျော် ထပ်မံတိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် ရထားလမ်းအရှည် မိုင်ပေါင်း ၃၀၀၀ ကျော် ရှိနေပြီဖြစ်

(၁၂) ကလေး-ကလေးဝ-ယာကြီး-မုံရွာလမ်း

(၁၃) တောင်ငူ-ယာဒို-လွိုင်ကော်လမ်း စသည်ဖြင့် မီးရထားလမ်း ၁၃ လမ်းကို တစ်ပြိုင်တည်း ဖောက်လုပ်နေကြောင်း။

ရာသီမရွေး သွားလာနိုင်နေပြီ ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းသည် ကုန်သွယ်စီးပွားရေးအတွက်သာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ကိုပါ အထောက်အကူပြု

ဧရာဝတီမြစ်ကြီး၏ အနောက်ဘက်ခြမ်းတွင် ကလေး-ပခုက္ကူ-ကြံခင်း-ဟင်္သာတ-ညောင်တုန်း-ရန်ကုန် (လှိုင်သာယာ) အထိ ဧရာဝတီမြစ်နှင့်အပြိုင် ဖောက်လုပ်သွားမည့် မီးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မင်းလှ-မင်းဘူး မီးရထားလမ်းအပိုင်း ဖွင့်ပွဲအခမ်းအနားပင် ဖြစ်ကြောင်း။

အပိုင်းလိုက်ဖွင့်လှစ်

၎င်းရထားလမ်းပိုင်းသည် အရှည် ၂၅ ဒသမ ၄၀ မိုင်ရှိပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်း ဒေသများတွင်ရှိနေသည့် ဒေသခံပြည်သူများ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာအောင် ရည်ရွယ်ဖောက်လုပ်ပေးခဲ့သည့် ရထားလမ်းလည်းဖြစ်ကြောင်း၊ မြန်မြန်ပြီးသရွေ့ မြန်မြန်ဖွင့်လှစ်ပေးနိုင်လျှင် ဒေသခံပြည်သူများ မြန်မြန်အကျိုးထူးခံစားနိုင်ကြမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ မွန်မြတ်သည့် စေတနာဖြင့် ယခုကဲ့သို့ ဖောက်လုပ်ဆဲ မီးရထားလမ်း၊ မော်တော်ကားလမ်းများကို ပြီးစီးသရွေ့ အပိုင်းလိုက် ဖွင့်လှစ်ပေးနေခြင်းပင် ဖြစ်ကြောင်း။

လွယ်ကူချောမွေ့လာ

ယခုကဲ့သို့ မင်းလှနှင့် မင်းဘူးအကြား ဖောက်လုပ်ပြီးစီးသည့် ရထားလမ်းအပိုင်းကို ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည့်အတွက် မင်းလှမြို့နယ်နှင့် မင်းဘူးမြို့နယ်အကြား သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့လာမည် ဖြစ်သည့်အပြင် ခရီးသွားပြည်သူများနှင့် ကုန်စည်စီးဆင်းမှုများမှာလည်း ကုန်ကျစရိတ်သက်သက်သာသာဖြင့် ဆက်သွယ်သွားလာနိုင်ကြမည် ဖြစ်ကြောင်း၊ ကြံခင်း-ပခုက္ကူ ရထားလမ်းကြီးကို အပိုင်းလိုက် ဖောက်လုပ်နေပြီဖြစ်ရာ ပုသိမ်-ကြံခင်းမှ မင်းဘူးအထိ တစ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်လာပြီး လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ဒေသများသည် ဖွံ့ဖြိုးတိုးတက်မှု နှေးကွေး နောက်ကျကျန်နေသည့်အတွက် ယခုအခါ တစ်နိုင်ငံလုံး အရှေ့-အနောက်-တောင်-မြောက် အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရန် မော်တော်ကားလမ်းကွန်ရက်များနှင့် မီးရထားလမ်းကွန်ရက်များကို တစ်နိုင်ငံလုံးအနှံ့ ဖောက်လုပ်ပေးနေခြင်း ဖြစ်ကြောင်း။

တစ်ပြိုင်တည်းဖောက်နေ

မီးရထားဖြင့် ခရီးသွားလာခြင်းသည် စရိတ်စက သက်သာစေရုံသာမက ခရီးသည်များများ၊ ကုန်စည်များများ သယ်ယူနိုင်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ယခုအခါတွင် နယ်မြေ

ကြောင်း၊ ယခင်က ဘူတာရုံပေါင်း ၄၈၇ ဘူတာရှိခဲ့ရာမှ ယခုဆိုလျှင် ဘူတာပေါင်း ၄၀၆ ဘူတာ ထပ်မံတိုးချဲ့တည်ဆောက်နိုင်ခဲ့သည့်အတွက် ဘူတာရုံပေါင်း ၈၉၃ ဘူတာ ရှိနေပြီ ဖြစ်ကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရက ဖောက်လုပ်နေဆဲ မီးရထားလမ်းများမှာ-

(က) ပခုက္ကူ-ကြံခင်းလမ်း
(ခ) မင်းဘူး-အမ်း-စစ်တွေလမ်း
(ဂ) ကသာ-ဗန်းမော်လမ်း
(ဃ) ပျော်ဘွယ် - နတ်မောက် - မကွေးလမ်း
(င) မိုးနဲ-ကျိုင်းတုံလမ်း
(စ) ထားဝယ်-မြိတ်လမ်း
(ဆ) ပုသိမ်-ဘဲဂရက်-လှိုင်သာယာလမ်း

ရထားလမ်းကွန်ရက်

တချို့ မီးရထားလမ်းများကိုလည်း ဖောက်လုပ်ပြီးစီးသရွေ့ အပိုင်းလိုက် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းမီးရထားလမ်းများအားလုံး ဖောက်လုပ်ပြီးစီးသွားပြီဆိုလျှင် မြန်မာနိုင်ငံတွင် အရှေ့ - အနောက် - တောင် - မြောက် အလွယ်တကူ သွားလာဆက်သွယ်နိုင်သည့် အမျိုးသား မီးရထားလမ်းကွန်ရက်ကြီး ပေါ်ပေါက်လာတော့မည် ဖြစ်ကြောင်း။

ရာသီမရွေး

လမ်းပန်းဆက်သွယ်မှု ဟန်ချက်ညီတိုးတက် ကောင်းမွန်ရေးအတွက် မီးရထားလမ်းများသာမက မော်တော်ကားလမ်းကွန်ရက်များကိုလည်း ဖောက်လုပ်လျက်ရှိရာတွင် ယခုအခါ မြန်မာနိုင်ငံ မြောက်ဖျားရှိ ပူတာအိုမြို့မှ

လျက်ရှိပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း အလွယ်တကူ ကူးလူးဆက်သွယ် သွားလာဆက်ဆံနိုင်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပါ အထောက်အကူပြုလျက်ရှိသည့် အခြေခံအဆောက်အအုံများလည်း ဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တည်ငြိမ်အေးချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အလေးထား ဆောင်ရွက်ခဲ့သကဲ့သို့ တစ်ချိန်တည်းမှာပင် ပြည်ထောင်စုကြီးတစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဦးတည်ချက်(၁၂)ရပ်ကို ခိုင်ခိုင်မာမာ ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကို အရောက်

လှမ်းနိုင်အောင် မဆုတ်မနစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

အရှိန်အဟုန်ရရှိ

တိုင်းပြည် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်မှု အပါအဝင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး တောင်ပေါ် မြေပြန့်မကျန် ဘက်စုံကဏ္ဍစုံတွင် တည်ဆောက်ပြုပြင်နိုင်ခဲ့သည့်အတွက် ယနေ့ နိုင်ငံတော်၏ အခြေအနေသည် ဖွံ့ဖြိုးတိုးတက်သည့် လမ်းကြောင်းပေါ်ကို ရောက်ရှိလာနေပြီ ဖြစ်ကြောင်း၊ အရှိန်အဟုန်ရရှိနေပြီဖြစ်သည့် ၎င်းအခြေခံကောင်းများကို တန်ဖိုးရှိရှိ အသုံးချပြီး မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်သည်ထက် တိုးတက်အောင် လူတိုင်းလူတိုင်း ကိုယ်စီကိုယ်င အလုပ်ကို ကြိုးကြိုးစားစား လုပ်ကိုင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

၎င်းအခြေခံကောင်းများသည် ယနေ့နိုင်ငံသူ၊ နိုင်ငံသားများအတွက်သာမက နောင်အနာဂတ် မျိုးဆက်သစ်များအတွက်လည်း အမွေခံကောင်းများဖြစ်အောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားကြရန်လည်း မိမိတို့နိုင်ငံသားအားလုံးတွင် တာဝန်ရှိကြောင်းကို ထပ်လောင်း၍ ပြောကြားလိုကြောင်း၊ မိမိတို့လက်ထက်တွင် ယခုကဲ့သို့ အခြေခံအဆောက်အအုံများကို တည်ဆောက်နေသကဲ့သို့ နောင်လာနောက်သားများလက်ထက်တွင်လည်း အရှိန်အဟုန်မပြတ် ဆက်လက်တည်ဆောက်သွားမည်ဆိုလျှင် သဘာဝသယံဇာတပေါများကြွယ်ဝသည့် မိမိတို့တိုင်းပြည်သည် အခြားသောနိုင်ငံများနှင့် ရင်ပေါင်တန်း လိုက်နိုင်ရုံသာမက သာလွန်၍ပင် ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ကြောင်း။

ပေါင်းစပ်

ယင်းသို့ ပေါများကြွယ်ဝသည့် သဘာဝအရင်းအမြစ်များကို လူ့စွမ်းအားအရင်းအမြစ်များနှင့် ပေါင်းစပ်ပြီး

ဝန်ကြီး ဦးစိုးသိန်း၊ ဝန်ကြီး ဦးစိုးနိုင် ဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

...တို့၏ လူမှုစီးပွားဘဝ တိုးတက်သည်ထက် တိုးတက်အောင် ကြိုးစားလုပ်ကိုင် ...ပြီး စက်မှုနိုင်ငံထူထောင်နိုင်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဆင့်ကို ရောက်နိုင်မည်

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မင်းလှ-မင်းဘူး ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တန်ဖိုးရှိရှိ အသုံးချပြီး မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်သည်ထက် တိုးတက်အောင် လူတိုင်းလူတိုင်း ကိုယ်စီကိုယ်င အလုပ်ကို ကြိုးကြိုးစားစား လုပ်ကိုင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဤအခြေခံကောင်းများသည် ယနေ့နိုင်ငံသူ၊ နိုင်ငံသားများအတွက်သာမက နောင်အနာဂတ် မျိုးဆက်သစ်များအတွက်လည်း အမွေခံကောင်းများဖြစ်အောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားကြရန်လည်း မိမိတို့နိုင်ငံသားအားလုံးတွင် တာဝန်ရှိကြောင်းကို ထပ်လောင်း၍ ပြောကြားလိုကြောင်း၊ မိမိတို့လက်ထက်တွင် ယခုကဲ့သို့ အခြေခံအဆောက်အအုံများကို တည်ဆောက်နေသကဲ့သို့ နောင်လာနောက်သားများလက်ထက်တွင်လည်း အရှိန်အဟုန်မပြတ် ဆက်လက်တည်ဆောက်သွားမည်ဆိုလျှင် သဘာဝသယံဇာတပေါများကြွယ်ဝသည့် မိမိတို့တိုင်းပြည်သည် အခြားသောနိုင်ငံများနှင့် ရင်ပေါင်တန်း လိုက်နိုင်ရုံသာမက သာလွန်၍ပင် ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ကြောင်း။

ပေါင်းစပ်

ယင်းသို့ ပေါများကြွယ်ဝသည့် သဘာဝအရင်းအမြစ်များကို လူ့စွမ်းအားအရင်းအမြစ်များနှင့် ပေါင်းစပ်ပြီး စက်မှုနိုင်ငံထူထောင်နိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဆင့်ကို ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် အခြေအနေကောင်းများ ရရှိထားပြီးဖြစ်သည့် စိုက်ပျိုးရေးကို စားဝတ်နေရေး ပြည့်စုံဖူလုံရန် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရင်း စက်မှုနိုင်ငံ ထူထောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံဖြစ်သည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ပြည့်စုံခြင်းသည် စက်မှုနိုင်ငံ ထူထောင်ရာတွင် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်သည့်အတွက် ယခုကဲ့သို့ တစ်နိုင်ငံလုံး အရှေ့၊ အနောက်၊ တောင်၊ မြောက် သွားလာနိုင်သည့် ကားလမ်း၊ ရထားလမ်းကွန်ရက်များကို ငွေကုန်ကြေးကျများစွာ ကျခံသုံးစွဲပြီး ဆောင်ရွက်နေခြင်းလည်း ဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ပြည်သူတွေကပင် အလိုလားဆုံး၊ အတောင့်တဆုံးဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နိုင်ငံသားအားလုံး နိုင်ငံတော်အစိုးရနှင့်အတူ ဦးထမ်းပဲ့ထမ်း တာဝန်သိသိ သစ္စာရှိရှိဖြင့် ကျရာကဏ္ဍကနေပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မင်းလှ-မင်းဘူး ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိဂုံးချုပ်အနေဖြင့် ပြည်သူလူထုထောက်ခံ အတည်ပြုပေးထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုဝင်ဘာလ (၇)ရက်နေ့တွင် ကျင်းပပြုလုပ်တော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးသည် နိုင်ငံသားအားလုံးအတွက် အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်ကြီးဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ရန် ပြည်သူ့ဆန္ဒနှင့် ဆန့်ကျင်သည့် အဖျက်အမှောင့်လုပ်ရပ်မှန်သမျှကို ဆန့်ကျင်တိုက်ဖျက်သွားကြပါရန်နှင့် အနာဂတ်နိုင်ငံတော်အတွက် လူကောင်း လူတော်များ၊ တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်သူများ၊ ပြည်ထောင်စုကြီး မပြိုကွဲ မပျက်စီးရအောင် ကာကွယ်စောင့်ရှောက်လိုသူများအား မှန်ကန်သည့် အသိဉာဏ်နှင့် စဉ်းစားဆုံးဖြတ် ရွေးချယ်နိုင်ကြပါစေရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းတင်

ထို့နောက် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် မင်းလှ-မင်းဘူး ရထားလမ်းပိုင်း ၂၅ ဒသမ ၄၀ မိုင်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် ဒေသခံပြည်သူများကလည်း ဤရထားလမ်း အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်း ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အမြန်ဆုံးဖောက်လုပ်

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက မင်းလှ-မင်းဘူး ရထားလမ်းပိုင်း ဖောက်လုပ်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ ယခုဖွင့်လှစ်သည့် မင်းလှ-မင်းဘူး ရထားလမ်းပိုင်းကို ၂၀၀၇ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်ဖောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကြံခင်း-ပခုက္ကူ ရထားလမ်းမကြီးအား အပိုင်းလိုက် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ယခုအခါ ပုသိမ်-ကြံခင်းမှ မင်းဘူးအထိ ရထားဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ပြီဖြစ်ကြောင်း၊ ဆက်လက်၍ ပခုက္ကူအထိ တစ်ဆက်တည်း သွားလာနိုင်ရေးအတွက် ကျန်ရှိသော ရထားလမ်းပိုင်းများကိုလည်း အမြန်ဆုံး ဖောက်လုပ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအဝန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို အခြေခံ၍ အမျိုးသား မီးရထားလမ်းကွန်ရက် (National Railway Network)ကြီး ဖြစ်ပေါ်လာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိသကဲ့သို့ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးဖြစ်သူ မင်းဘူးမြို့မှ ဦးမောင်မောင်အေးက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ဝန်ကြီး ဦးစိုးသိန်း၊ ဝန်ကြီး ဦးစိုးနိုင်၊ ဝန်ကြီး ဦးဇော်မင်း၊ ဝန်ကြီး ဦးသိန်းဇော်၊ ဝန်ကြီး ဦးအောင်မင်းနှင့် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေတို့ မင်းလှ-မင်းဘူး ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မင်းလှ-မင်းဘူး ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပြေးဆွဲပေးမည့် အထူးရထားဖြင့် လိုက်ပါမည့် ဒေသခံပြည်သူများအား အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

○ **စာမျက်နှာ ၉ မှ**

မင်းဘူးဘူတာယာဒ်ဝင်းရှိ မင်္ဂလာမုခ်ဦးရှေ့၌ နေရာယူကြသည်။

ထို့နောက် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က မင်းလှ-မင်းဘူး ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဖွင့်ပွဲ အထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဝန်ကြီးများနှင့် တိုင်းဒေသကြီးဥက္ကဋ္ဌတို့က မော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပြေးဆွဲပေးမည့် အထူးရထားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး အထူးရထားဖြင့် လိုက်ပါမည့် ဒေသခံပြည်သူများအား အမှတ်တရ လက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အထူးရထားဖြင့် လိုက်ပါစီးနင်းပြီး ရထားလမ်းပိုင်း ဖောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးရာ လမ်းတစ်လျှောက်ရှိ ကျေးရွာများနှင့် ဆင်လမ်းကြီးဘူတာမှ ဒေသခံပြည်သူများက ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြသည်။ ယခုဖွင့်လှစ်လိုက်သည့် မင်းလှ-မင်းဘူး ရထားလမ်းပိုင်းသည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က စီမံဖောက်လုပ်ပေးလျက်ရှိသည့် ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းတွင် ပါဝင်ပြီး ရထားလမ်းအရှည်မှာ ၂၅ ဒသမ ၄၀ မိုင်ရှိသည်။

အခမဲ့သုံးရက်

ရထားလမ်းပိုင်းတွင် ဘူတာငါးဘူတာ ပါဝင်ပြီး ပေ ၁၈၀ အထက် တံတားကြီး နှစ်စင်း အပါအဝင် တံတား ၅၃စင်း တည်ဆောက်ထားသည်။ ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်တိုင် အခမဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

အကောင်အထည်ဖော်လျက်ရှိ

မြန်မာ့မီးရထားအနေဖြင့် မင်းဘူးမြို့၌ အရှည် ၂၅၇ မိုင်ရှိ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့် ကွန်ကရစ် ဇလီဖားစက်ရုံ (မင်းဘူး)တို့ကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရထားစတင်ပြေးဆွဲ

မင်းလှ-မင်းဘူး ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။ (သတင်းစဉ်)

ကျွေးမွေးလှူဒါန်း

ဩဂုတ် ၇ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ကျားကွက်သစ် စံပြရပ်ကွက် အမက (၂၈) တတိယတန်းမှ မောင်ဟိန်းထက်လင်း၏ ကိုးနှစ်ပြည့်မွေးနေ့ အာဟာရအလှူအဖြစ် ကျောင်းသား၊ ကျောင်းသူများအား ကြက်သားကြာဆံကြော် ကျွေးမွေးလှူဒါန်းစဉ်။ (ကြေးမုံ)

သစ်ပင်ကို
နှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် ရောင်းချသောဆားများ၌ အိုင်အိုဒင်းဆားပါဝင်မှုရှိ၊ မရှိကို တာဝန်ရှိသူများ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကမ်းနားလမ်း တိုးချဲ့ ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေး လုပ်ငန်းဖြစ်သော ဖောင်ကြီးလမ်းဘေး ဝဲ၊ ယာ ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၏ စီစဉ်မှုဖြင့် လသာမြို့နယ် သိမ်ကြီးဈေး (ဃ) ရုံ မြို့တော်ဗဟိုဈေးကြီး မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ စစ်ဆေးစဉ်။ (မြို့တော်စည်ပင်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၆.၉.၂၀၁၀ ရက်နေ့တွင် ရေဝတီဘဏ် (ရန်ကုန်)ဘဏ်ခွဲအား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးတင်လတ်-ဒေါ်မာလာမြင့်
Silver Tiger Co.,Ltd
ငွေကျားတိုက် အလှဆင်မီးပန်းဆိုင်းနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးအရောင်းပြခန်း

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၆-၉-၂၀၁၀ ရက်နေ့တွင် Max Myanmar Group of Companies ၏ ရေဝတီဘဏ် (ရန်ကုန်)အား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါက်တာ ခင်မောင်ဝင်း + ဒေါက်တာ ဝေဝေ
DIAMOND LAND
စိန်အရောင်းပြခန်း
ဗိုလ်ချုပ်ဈေး

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၁၀/၁၅)နေ
ဦးလှသွင်[လက်ထောက်မန်နေဂျာ(ငြိမ်း)ဟိုတယ်/ခရီး]-ဒေါ်မြင့်မြင့်ခိုင် [အလုပ်ရုံခွဲမှူး၊ (ငြိမ်း) MPF စက်မှု/ဆေးဝါး] တို့၏သား
မောင်ဉာဏ်ဝင်းလှိုင် Master Mariner (F/G)
နှင့်
ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်း၊ အမှတ်(၄၃)နေ
ဦးငွေအောင်(လက်ထောက်အထွေထွေမန်နေဂျာ-ငြိမ်း၊ ကုန်သွယ်/လယ်ယာ)-ဒေါ်ညွန့်ညွန့်ရီ တို့၏သမီးငယ်
မခိုင်ဇင်ဝင်း B.A (Business Management)
DA,DMP (LCCI-UK)
Diploma in English (SEAMEO)
Accountant (Golden Circle Co., Ltd.)
တို့သည် ၂၀၁၀ပြည့်နှစ် စက်တင်ဘာလ ၁၈ရက်တွင် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ် မင်္ဂလာခန်းမ၌ နှစ်ဖက်သောမိဘဆွေမျိုးလူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်မိဘများနှင့် မောင်ဉာဏ်ဝင်းလှိုင်-မခိုင်ဇင်ဝင်း

ဂုဏ်ယူဝမ်းမြောက်ခြင်း

Junction Centre (Maw Tin) ကို (၁၈. ၉. ၂၀၁၀) မင်္ဂလာရက်မြတ်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း နှင့် အစဉ်အမြဲ အောင်မြင် တိုးတက်စေပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးဇော်ဇော် (ဥက္ကဋ္ဌ)
Max Myanmar Group of Companies

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မြန်မာမြားပစ်အားကစားသမားများ လက်စွမ်းပြ

ပထမနေ့ပွဲစဉ်အပြီးတွင် ရွှေခြောက်ခု၊ ငွေခုနစ်ခု၊ ကြေးသုံးခု ဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် လေးကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီခွဲမှစ၍ ကျိုက္ကဆံ

အမှတ်(၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အိမ်ရှင်မြန်မာမြားပစ်အဖွဲ့က ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် သုံးခု ဆွတ်ခူးရရှိသွားသည်။ ပြိုင်ပွဲသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊အား/ကာ)နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နံနက်ပိုင်းကျင်းပသော ပွဲစဉ်များ၌ Compound အမျိုးသား အမှတ်ပေးအသင်းလိုက်ပြိုင်ပွဲတွင် ရဲမင်းဆွေ၊ စောမြကျော်သူနှင့် ချစ်ဝင်းရှိန်တို့ ပါဝင်သော မြန်မာ(က) အသင်းက ၂၀၃၄ မှတ်ဖြင့် ပထမ၊ အောင်ခြိမ့်ဘော်၊ ပိုင်မြတ်သူနှင့် ဇာနည်ထက်တို့ ပါဝင်သော မြန်မာ(ခ) အသင်းက ၁၉၇၀ မှတ်ဖြင့် ဒုတိယ၊ အိန္ဒိယအသင်းက ၁၉၀၃ မှတ်ဖြင့် တတိယ၊ တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် စောမြကျော်သူ (မြန်မာ)က ၆၈၅ မှတ်ဖြင့် ပထမ၊ အောင်ခြိမ့်ဘော်(မြန်မာ)က ၆၈၂ မှတ်ဖြင့် ဒုတိယ၊ ချစ်ဝင်းရှိန်(မြန်မာ)က ၆၇၈ မှတ်ဖြင့် တတိယတို့ ရရှိကြသည်။ Recurve အမျိုးသမီးအသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင်

Compound အမျိုးသမီး အသင်းလိုက် အမှတ်ပေး ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် မြန်မာ(က)အသင်း။ (ကြေးမုံ)

သင်းသင်းခိုင်၊ စန်းယုထွေးနှင့် သဇင်အောင်တို့ ပါဝင်သော မြန်မာ(က)အသင်းက ၇၇၉ မှတ်ဖြင့် ပထမ၊ ကြည်ကြည်ခင်၊ ဇိုင်းနိုင်းနှင့် ယုနန္ဒာအောင်တို့ ပါဝင်သော မြန်မာ(က) အသင်းက ၁၆၂၈ မှတ်ဖြင့် ဒုတိယ၊ တစ်ဦးချင်းအမှတ်ပေးပြိုင်ပွဲတွင် Narisara Tinbua (ထိုင်း)က ၆၅၁ မှတ်ဖြင့် ပထမ၊ သင်းသင်းခိုင် (မြန်မာ)က ၆၄၃မှတ်ဖြင့် ဒုတိယ၊ ကြည်ကြည်ခင် (မြန်မာ)က ၆၁၂မှတ်ဖြင့် တတိယတို့ ရရှိကြသည်။

ညနေပိုင်းပွဲစဉ်များတွင် Compound အမျိုးသမီးအသင်းလိုက် အမှတ်ပေးပြိုင်ပွဲ၌ အောင်ငြိမ်း၊ လှလှစံနှင့် ယောစိမ်းယတို့ ပါဝင်သော မြန်မာအသင်းက ၁၉၉၁ မှတ်ဖြင့် ပထမ၊ မြန်မာ(ခ) အသင်းက ၁၇၄၉မှတ်ဖြင့် ဒုတိယ၊ အိန္ဒိယအသင်းက ၁၅၀၅မှတ်ဖြင့် တတိယ၊ တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲ၌ အောင်ငြိမ်း(မြန်မာ)က ၆၇၇မှတ်ဖြင့် ပထမ၊ လှလှစံ (မြန်မာ)က ၆၆၈မှတ်ဖြင့် ဒုတိယ၊ Vennam Jyothi Surekha (အိန္ဒိယ)က ၆၅၅မှတ်ဖြင့် တတိယတို့ ရရှိကြသည်။ Recurve အမျိုးသား တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် ဇော်ဝင်းထိုက် (မြန်မာ)က ၆၆၉မှတ်ဖြင့် ပထမ၊ Witthaya Thamwong (ထိုင်း)က ၆၆၀ မှတ်ဖြင့် ဒုတိယ၊ Gantugs Jantsan (မွန်ဂိုလီးယား)က ၆၅၉ မှတ်ဖြင့် တတိယ၊ အသင်းလိုက်အမှတ်ပေးပြိုင်ပွဲတွင် ထိုင်းအသင်းက ၁၉၅၂မှတ်ဖြင့် ပထမ၊ ဇော်ဝင်းထိုက်၊ ရန်အောင်စိုးနှင့် နေမျိုးအောင်တို့ပါဝင်သောမြန်မာ(က)အသင်းက ၁၉၁၇မှတ်ဖြင့် ဒုတိယ၊ နန်းအောင်၊ ရှိန်းထက်ကျော်နှင့် အောင်ကြီးတို့ပါဝင်သော မြန်မာ(ခ)အသင်းက ၁၇၀၁ မှတ်ဖြင့် တတိယတို့ ရရှိကြသည်။

ပထမနေ့ပွဲစဉ်များအပြီးတွင်အိမ်ရှင်မြန်မာက ရွှေခြောက်ခု၊ ငွေခုနစ်ခု၊ ကြေးသုံးခုဖြင့် ထိပ်ဆုံးက ဦးဆောင်နေပြီး ထိုင်းက ရွှေနှစ်ခု၊ ငွေတစ်ခုဖြင့် ဒုတိယ၊ အိန္ဒိယက ကြေးသုံးခုဖြင့် တတိယနှင့် မွန်ဂိုလီးယားက ကြေးတစ်ခုဖြင့် စတုတ္ထနေရာတို့တွင် ရပ်တည်နေသည်။ ဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီခွဲတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။(ကြေးမုံ)

တစ်ဦးချင်းအမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သော (ဝဲမှယာ) ဇော်ဝင်းထိုက် (Recurve)၊ အောင်ငြိမ်း (Compound) နှင့် စောမြကျော်သူ (Compound) တို့အား တွေ့ရစဉ်။ (ကြေးမုံ)

ပရီမီယာလိဂ် ပွဲစဉ်(၅) ရလဒ်

မန်ယူ	၃-၂	လီဗာပူး
ဝီဂန်	၀-၂	မန်စီးတီး
ချယ်လ်ဆီး	၄-၀	ဘလက်ပူးလ်

အင်တာနက်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
ဘွဲ့နှင်းသဘင်ကျင်းပခြင်းကြေညာချက်

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၉ ပညာသင်နှစ်အတွက် ၂၀၀၉ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ကျင်းပပြီးစီးခဲ့သော ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့နှင့် သိပ္ပံဘွဲ့စာမေးပွဲများကို အောင်မြင်ပြီး တက်ရောက်ဘွဲ့ယူရန် ၃၁-၇-၂၀၁၀ ရက် နောက်ဆုံးထား၍ လျှောက်ထားပြီးဖြစ်သော ပုဂ္ဂိုလ်များအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားများကို ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့တက်ရောက်ယူသည့်ပွဲများတွင် အမျိုးသားများသည် မြန်မာဝတ်စုံ(အင်္ကျီလက်ရှည်ဖြစ်ရမည်)(သို့မဟုတ်) တိုင်းရင်းသားဝတ်စုံ(သို့မဟုတ်)အနောက်တိုင်းဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ(အင်္ကျီလက်ရှည်ဖြစ်ရမည်) (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ကြရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ကြမည့် ကျောင်းသူ ကျောင်းသားများသည် အစမ်းလေ့ကျင့်ပွဲရက်နှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ လိုက်လျောညီထွေသော ဝတ်စားဆင်ယင်မှုများကိုသာ ဝတ်ဆင်ကြရန်နှင့် မြန်မာ့အသွင်ပျောက်နေသည့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ ဝတ်ဆင်လာသူများကို ဘွဲ့နှင်းသဘင်အခမ်းအနားများ(အစမ်းလေ့ကျင့်ပွဲအပါအဝင်)သို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၃။ **(၁၁၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင်**

အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
ဥပဒေပညာ(နိုင်ငံခြား)	၁၄-၁၀-၂၀၁၀ရက်	၁၆-၁၀-၂၀၁၀ရက်
ဥပဒေပညာ(ဒဂုံ)	(ကြာသပတေးနေ့)	(စနေနေ့)
(၄-ဥ ၃ မှ ၃၄၈ အထိ)	နံနက် ၉း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
မြန်မာစာ(မော်လမြိုင်)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
ပထဝီဝင်(ပုသိမ်)		
အင်္ဂလိပ်စာ(မော်လမြိုင်)		
သိပ္ပံဘာသာရပ်အားလုံး(ပုသိမ်)		
သိပ္ပံဘာသာရပ်အားလုံး(ထားဝယ်)		
ဥပဒေပညာ(ဒဂုံ)	၁၄-၁၀-၂၀၁၀ရက်	၁၆-၁၀-၂၀၁၀ ရက်
(၄-ဥ ၃၅၀ နှင့်အထက်)	(ကြာသပတေးနေ့)	(စနေနေ့)
ဥပဒေပညာ(ဟသ်ာတ)	နံနက် ၉း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
အင်္ဂလိပ်စာ(တောင်ငူ)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
ပထဝီဝင်(ဘားအံ)		
ပထဝီဝင်(မြိတ်)		
ရူပဗေဒ(မော်လမြိုင်)		
သတ္တဗေဒ(မော်လမြိုင်)		
ဥပဒေပညာ(ပုသိမ်)	၁၄-၁၀-၂၀၁၀ ရက်	၁၇-၁၀-၂၀၁၀ ရက်
သမိုင်း(နိုင်ငံခြား)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
သမိုင်း(ဒဂုံ)	မွန်းလွဲ ၂း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
ဓာတုဗေဒ(မော်လမြိုင်)	ခန်းမ(ရှေ့ခြမ်း)	(ဒု-နံနက်)
သင်္ချာ(မော်လမြိုင်)		
ရုက္ခဗေဒ(မော်လမြိုင်)		
ဥပဒေပညာ(ရန်ကုန်အနောက်ပိုင်း)	၁၄-၁၀-၂၀၁၀ ရက်	၁၇-၁၀-၂၀၁၀ ရက်
ဥပဒေပညာ(ပြည်)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
စီးပွားရေးပညာ(မအူပင်)	မွန်းလွဲ ၂း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
မြန်မာစာ(စစ်တွေ)	ခန်းမ(နောက်ခြမ်း)	(ဒု-ညနေ)
ရူပဗေဒ(ရန်ကုန်အရှေ့ပိုင်း)		

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၁၁-၁၀-၂၀၁၀ ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။(အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာထုတ်ပေးမည်မဟုတ်ပါ။)

၄။ **(၁၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
ဥပဒေပညာ(ရန်ကုန်အရှေ့ပိုင်း)	၂၈-၁၀-၂၀၁၀ ရက်	၃၀-၁၀-၂၀၁၀ ရက်
(၄-ဥ ၁မှ ၂၅၅ အထိ)	(ကြာသပတေးနေ့)	(စနေနေ့)
ပထဝီဝင်(မော်လမြိုင်)	နံနက် ၉း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
သတ္တဗေဒ(ရန်ကုန်အရှေ့ပိုင်း)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
ရုက္ခဗေဒ(ရန်ကုန်အရှေ့ပိုင်း)		
သိပ္ပံဘာသာရပ်အားလုံး(စစ်တွေ)		
ဥပဒေပညာ(ရန်ကုန်အရှေ့ပိုင်း)	၂၈-၁၀-၂၀၁၀ ရက်	၃၀-၁၀-၂၀၁၀ ရက်
(၄-ဥ ၂၅၆ နှင့်အထက်)	(ကြာသပတေးနေ့)	(စနေနေ့)
ဥပဒေပညာ(မအူပင်)	နံနက် ၉း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
စိတ်ပညာ(တောင်ငူ)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
စီးပွားရေးပညာ(တောင်ငူ)		
မြန်မာစာ(ဘားအံ)		
သင်္ချာ(ရန်ကုန်အရှေ့ပိုင်း)		
ဥပဒေပညာ(ထားဝယ်)	၂၈-၁၀-၂၀၁၀ ရက်	၃၁-၁၀-၂၀၁၀ ရက်
ဥပဒေပညာ(တောင်ငူ)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
ဒဿနိကဗေဒ(ရန်ကုန်အရှေ့ပိုင်း)	မွန်းလွဲ ၂း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
သမိုင်း(ထားဝယ်)	ခန်းမ(ရှေ့ခြမ်း)	(ဒု-နံနက်)
သမိုင်း(ပြည်)		
ဓာတုဗေဒ(ရန်ကုန်အရှေ့ပိုင်း)		
(၃-ဓ ၁ မှ ၁၁၇အထိ)		
ဥပဒေပညာ(မော်လမြိုင်)	၂၈-၁၀-၂၀၁၀ ရက်	၃၁-၁၀-၂၀၁၀ ရက်
ဥပဒေပညာ(စစ်တွေ)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
ဥပဒေပညာ(ဘားအံ)	မွန်းလွဲ ၂း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
ဥပဒေပညာ(မြိတ်)	ခန်းမ(နောက်ခြမ်း)	(ဒု-ညနေ)
ဒဿနိကဗေဒ(ရန်ကုန်အနောက်ပိုင်း)		
ပထဝီဝင်(ဟသ်ာတ)		
အင်္ဂလိပ်စာ(ပြည်)		
ဓာတုဗေဒ(ရန်ကုန်အရှေ့ပိုင်း)		
(၃-ဓ ၁၁၉ နှင့်အထက်)		

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၂၅-၁၀-၂၀၁၀ ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာ ထုတ်ပေးမည်မဟုတ်ပါ။)

၅။ **(၁၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
မြန်မာစာ(တောင်ငူ)	၁၁-၁၁-၂၀၁၀ ရက်	၁၃-၁၁-၂၀၁၀ ရက်
အရှေ့တိုင်းပညာ(ဒဂုံ)	(ကြာသပတေးနေ့)	(စနေနေ့)
အရှေ့တိုင်းပညာ(ရန်ကုန်အရှေ့ပိုင်း)	နံနက် ၉း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
အရှေ့တိုင်းပညာ(ပုသိမ်)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
အရှေ့တိုင်းပညာ(ပြည်)		
အရှေ့တိုင်းပညာ(ထားဝယ်)		
အရှေ့တိုင်းပညာ(တောင်ငူ)		
ဓာတုဗေဒ(ရန်ကုန်အနောက်ပိုင်း)		
သမိုင်း(ရန်ကုန်အရှေ့ပိုင်း)	၁၁-၁၁-၂၀၁၀ ရက်	၁၃-၁၁-၂၀၁၀ ရက်
သမိုင်း(ဘားအံ)	(ကြာသပတေးနေ့)	(စနေနေ့)
မြန်မာစာ(မြိတ်)	နံနက် ၉း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
အရှေ့တိုင်းပညာ(ဟသ်ာတ)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
အရှေ့တိုင်းပညာ(ဘားအံ)		
အရှေ့တိုင်းပညာ(ရန်ကုန်အနောက်ပိုင်း)		
အရှေ့တိုင်းပညာ(မအူပင်)		
ဒဿနိကဗေဒ(ပြည်)		
ဒဿနိကဗေဒ(တောင်ငူ)		
ရူပဗေဒ(ရန်ကုန်အနောက်ပိုင်း)		
ပထဝီဝင်(ဒဂုံ)	၁၁-၁၁-၂၀၁၀ ရက်	၁၄-၁၁-၂၀၁၀ ရက်
မြန်မာစာ(ပဲခူး)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
(၃-မ ၁ မှ ၂၅၅ အထိ)	မွန်းလွဲ ၂း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
ပြည်သူ့ရေးရာ(ဒဂုံ)	ခန်းမ(ရှေ့ခြမ်း)	(ဒု-နံနက်)
ပြည်သူ့ရေးရာ(ရန်ကုန်အရှေ့ပိုင်း)		
ပြည်သူ့ရေးရာ(ပြည်)		
ရုက္ခဗေဒ(ရန်ကုန်အနောက်ပိုင်း)		
သိပ္ပံဘာသာရပ်အားလုံး(မအူပင်)		
မြန်မာစာ(ပဲခူး)	၁၁-၁၁-၂၀၁၀ ရက်	၁၄-၁၁-၂၀၁၀ ရက်
(၃-မ ၂၅၆ နှင့်အထက်)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
ဒဿနိကဗေဒ(ဒဂုံ)	မွန်းလွဲ ၂း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
ဒဿနိကဗေဒ(ဘားအံ)	ခန်းမ(နောက်ခြမ်း)	(ဒု-ညနေ)
ဒဿနိကဗေဒ(မအူပင်)		
သင်္ချာ(ရန်ကုန်အနောက်ပိုင်း)		
သတ္တဗေဒ(ရန်ကုန်အနောက်ပိုင်း)		

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၈-၁၁-၂၀၁၀ ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာ ထုတ်ပေးမည်မဟုတ်ပါ။)

၆။ **(၁၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
မြန်မာစာ(မအူပင်)	၂-၁၂-၂၀၁၀ ရက်	၄-၁၂-၂၀၁၀ ရက်
(၃-မ ၁ မှ ၄၇၆ အထိ)	(ကြာသပတေးနေ့)	(စနေနေ့)
စိတ်ပညာ(ဒဂုံ)	နံနက် ၉း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
စိတ်ပညာ(မော်လမြိုင်)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
သမိုင်း(စစ်တွေ)		
ရူပဗေဒ(ပဲခူး)		
မြန်မာစာ(မအူပင်)	၂-၁၂-၂၀၁၀ ရက်	၄-၁၂-၂၀၁၀ ရက်
(၃-မ ၄၇၈ နှင့်အထက်)	(ကြာသပတေးနေ့)	(စနေနေ့)
မြန်မာမှု(ဒဂုံ)	နံနက် ၉း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
မြန်မာမှု(ရန်ကုန်အရှေ့ပိုင်း)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
မြန်မာမှု(ဟသ်ာတ)		
မြန်မာမှု(ရန်ကုန်အနောက်ပိုင်း)		
သမိုင်း(တောင်ငူ)		
သင်္ချာ(ပဲခူး)		
သတ္တဗေဒ(ပဲခူး)		
သမိုင်း(ပုသိမ်)	၂-၁၂-၂၀၁၀ ရက်	၅-၁၂-၂၀၁၀ ရက်
အင်္ဂလိပ်စာ(ရန်ကုန်အရှေ့ပိုင်း)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
စီးပွားရေးပညာ(ဟသ်ာတ)	မွန်းလွဲ ၂း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
စီးပွားစီမံ(ပြည်)	ခန်းမ(ရှေ့ခြမ်း)	(ဒု-နံနက်)
စီးပွားစီမံ(တောင်ငူ)		
စီးပွားစီမံ(ဟသ်ာတ)		
စီးပွားစီမံ(မြိတ်)		
စီးပွားစီမံ(ရန်ကုန်အနောက်ပိုင်း)		
စီးပွားစီမံ(မအူပင်)		
ဓာတုဗေဒ(ပဲခူး)		
ရုက္ခဗေဒ(ပဲခူး)		
ပထဝီဝင်(တောင်ငူ)	၂-၁၂-၂၀၁၀ ရက်	၅-၁၂-၂၀၁၀ ရက်
စီးပွားရေးပညာ(ရန်ကုန်အရှေ့ပိုင်း)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
စီးပွားရေးပညာ(မော်လမြိုင်)	မွန်းလွဲ ၂း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
စီးပွားရေးပညာ(ပုသိမ်)	ခန်းမ(နောက်ခြမ်း)	(ဒု-ညနေ)
စီးပွားရေးပညာ(စစ်တွေ)		
စီးပွားရေးပညာ(ထားဝယ်)		
သိပ္ပံဘာသာရပ်အားလုံး(ဘားအံ)		
သိပ္ပံဘာသာရပ်အားလုံး(မြိတ်)		

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၂၉-၁၁-၂၀၁၀ ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာ ထုတ်ပေးမည်မဟုတ်ပါ။)

၇။ **(၁၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
မြန်မာစာ(ရန်ကုန်အရှေ့ပိုင်း)	၁၆-၁၂-၂၀၁၀ ရက်	၁၈-၁၂-၂၀၁၀ ရက်
(၃-မ ၁ မှ ၄၇၂ အထိ)	(ကြာသပတေးနေ့)	(စနေနေ့)
သမိုင်း(ဟသ်ာတ)	နံနက် ၉း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
အင်္ဂလိပ်စာ(ပုသိမ်)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
အင်္ဂလိပ်စာ(ထားဝယ်)		
သင်္ချာ(တောင်ငူ)		
သတ္တဗေဒ(တောင်ငူ)		
သိပ္ပံဘာသာရပ်အားလုံး(ဟသ်ာတ)		
မြန်မာစာ(ရန်ကုန်အရှေ့ပိုင်း)	၁၆-၁၂-၂၀၁၀ ရက်	၁၈-၁၂-၂၀၁၀ ရက်
(၃-မ ၄၇၄နှင့်အထက်)	(ကြာသပတေးနေ့)	(စနေနေ့)
ပထဝီဝင်(ပဲခူး)	နံနက် ၉း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
အင်္ဂလိပ်စာ(မြိတ်)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
ရူပဗေဒ(တောင်ငူ)		
ဓာတုဗေဒ(တောင်ငူ)		
ရုက္ခဗေဒ(တောင်ငူ)		
အင်္ဂလိပ်စာ(နိုင်ငံခြား)	၁၆-၁၂-၂၀၁၀ ရက်	၁၉-၁၂-၂၀၁၀ ရက်
အင်္ဂလိပ်စာ(ဒဂုံ)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
မြန်မာစာ(ဟသ်ာတ)	မွန်းလွဲ ၂း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
(၃-မ ၁ မှ ၅၀၆အထိ)	ခန်းမ(ရှေ့ခြမ်း)	(ဒု-နံနက်)
ရသစာပေအရေးအသား(ဒဂုံ)		
ရသစာပေအရေးအသား(ရန်ကုန်အရှေ့ပိုင်း)		
ရသစာပေအရေးအသား(ပုသိမ်)		
ရသစာပေအရေးအသား(ဟသ်ာတ)		
ရသစာပေအရေးအသား(ပြည်)		
ရသစာပေအရေးအသား(တောင်ငူ)		
ရသစာပေအရေးအသား(ရန်ကုန်အနောက်ပိုင်း)		
ရသစာပေအရေးအသား(မအူပင်)		
စိတ်ပညာ(ပုသိမ်)		
ဓာတုဗေဒ(ဒဂုံ)		
(၃-ဓ ၁ မှ ၁၂၅ အထိ)		
မြန်မာစာ(ဟသ်ာတ)	၁၆-၁၂-၂၀၁၀ ရက်	၁၉-၁၂-၂၀၁၀ ရက်
(၃-မ ၅၁၁ နှင့်အထက်)	(ကြာသပတေးနေ့)	(တနင်္ဂနွေနေ့)
စီးပွားစီမံ(ဒဂုံ)	မွန်းလွဲ ၂း၀၀ နာရီ	မွန်းလွဲ ၂း၃၀ နာရီ
စီးပွားစီမံ(ရန်ကုန်အရှေ့ပိုင်း)	ခန်းမ(နောက်ခြမ်း)	(ဒု-ညနေ)
စီးပွားစီမံ(မော်လမြိုင်)		
စီးပွားစီမံ(ပုသိမ်)		
စိတ်ပညာ(ဘားအံ)		
စိတ်ပညာ(ဟသ်ာတ)		
ဓာတုဗေဒ(ဒဂုံ)		
(၃-ဓ ၁၂၇ နှင့်အထက်)		

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၁၃-၁၂-၂၀၁၀ ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာ ထုတ်ပေးမည်မဟုတ်ပါ။)

၈။ **အကြိမ်(၁၂၀)မြောက် ဘွဲ့နှင်းသဘင်**

အထူးပြု/ဌာနခွဲ	**အစမ်းလေ့ကျင့်ရက်**	**ဘွဲ့နှင်းသဘင်ရက်**
မြန်မာစာ(နိုင်ငံခြား)	၃၀-၁၂-၂၀၁၀ ရက်	၁-၁-၂၀၁၁ ရက်
မြန်မာစာ(ဒဂုံ)	(ကြာသပတေးနေ့)	(စနေနေ့)
(၃-မ ၁ မှ ၅၅၃ အထိ)	နံနက် ၉း၀၀ နာရီ	နံနက် ၉း၀၀ နာရီ
	ခန်းမ (ရှေ့ခြမ်း)	(ပ-နံနက်)

သမိုင်း(မော်လမြိုင်) ဒဿနိကဗေဒ(စစ်တွေ) ဒဿနိကဗေဒ(ထားဝယ်) ဒဿနိကဗေဒ(မြိတ်) ရူပဗေဒ(ဒဂုံ) (၃-ရပ ၁ မှ ၁၅၄ အထိ)		
မြန်မာစာ(ဒဂုံ) (၃-မ ၅၅၇နှင့် အထက်) ဒဿနိကဗေဒ(မော်လမြိုင်) ဒဿနိကဗေဒ(ပုသိမ်) ဒဿနိကဗေဒ(ဟင်္သာတ) စိတ်ပညာ(စစ်တွေ) ရူပဗေဒ(ဒဂုံ) (၃-ရပ ၁၅၅မှ ၃၁၂ အထိ)	၃၀-၁၂-၂၀၁၀ ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀ နာရီ ခန်းမ(နောက်ခြမ်း)	၁-၁-၂၀၁၁ ရက် (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီ (ပ-ညနေ)
ပထဝီဝင်(မအူပင်) (၃-ပ ၂ မှ ၄၆၇ အထိ) စီးပွားရေးပညာ(ဒဂုံ) (၃-စီး ၂ မှ ၅၄၉ အထိ) စိတ်ပညာ(ထားဝယ်) စိတ်ပညာ(မြိတ်) စိတ်ပညာ(ရန်ကုန်အနောက်ပိုင်း) စိတ်ပညာ(မအူပင်) ရူပဗေဒ(ဒဂုံ) (၃-ရပ ၃၁၄နှင့်အထက်)	၃၀-၁၂-၂၀၁၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၀၀ နာရီ ခန်းမ(ရှေ့ခြမ်း)	၂-၁-၂၀၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီ (ဒု-နံနက်)
မြန်မာစာ(ထားဝယ်) စီးပွားရေးပညာ(ဒဂုံ) (၃-စီး ၅၅၁ နှင့်အထက်) ပထဝီဝင်(စစ်တွေ) ပထဝီဝင်(မအူပင်) (၃-ပ ၄၇၀ နှင့်အထက်) အင်္ဂလိပ်စာ(စစ်တွေ) သတ္တဗေဒ(ဒဂုံ)	၃၀-၁၂-၂၀၁၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၀၀ နာရီ ခန်းမ(နောက်ခြမ်း)	၂-၁-၂၀၁၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီ (ဒု-ညနေ)

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၂၇-၁၂-၂၀၁၀ ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာ ထုတ်ပေးမည်မဟုတ်ပါ။)

၉။ (၁၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

အထူးပြု/ဌာနခွဲ	အစမ်းလေ့ကျင့်ရက်	ဘွဲ့နှင်းသဘင်ရက်
မြန်မာစာ(ရန်ကုန်အနောက်ပိုင်း) (၃-မ ၃ မှ ၅၉၂ အထိ) စိတ်ပညာ(ရန်ကုန်အရှေ့ပိုင်း) အိမ်တွင်းစီးပွား(ဒဂုံ) အိမ်တွင်းစီးပွား(ရန်ကုန်အရှေ့ပိုင်း) အိမ်တွင်းစီးပွား(ရန်ကုန်အနောက်ပိုင်း) အိမ်တွင်းစီးပွား(မအူပင်) ပထဝီဝင်(ထားဝယ်) အင်္ဂလိပ်စာ(ဟင်္သာတ) သင်္ချာ(ဒဂုံ) (၃-သခ ၁ မှ ၁၃၃ အထိ)	၂၀-၁-၂၀၁၁ ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀ နာရီ ခန်းမ(ရှေ့ခြမ်း)	၂၂-၁-၂၀၁၁ ရက် (စနေနေ့) နံနက် ၉း၀၀ နာရီ (ပ-နံနက်)
မြန်မာစာ(ရန်ကုန်အနောက်ပိုင်း) (၃-မ ၅၉၅နှင့် အထက်) သမိုင်း(ပဲခူး) စီးပွားရေးပညာ(မြိတ်) သင်္ချာ(ဒဂုံ) (၃-သခ ၁၃၄ နှင့်အထက်)	၂၀-၁-၂၀၁၁ ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀ နာရီ ခန်းမ(နောက်ခြမ်း)	၂၂-၁-၂၀၁၁ ရက် (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီ (ပ-ညနေ)
ပထဝီဝင်(ပြည်) (၃-ပ ၁ မှ ၄၀၉ အထိ) အင်္ဂလိပ်စာ(ရန်ကုန်အနောက်ပိုင်း) အင်္ဂလိပ်စာ(မအူပင်) သမိုင်း(ရန်ကုန်အနောက်ပိုင်း) ရုက္ခဗေဒ(ဒဂုံ) သတ္တဗေဒ(ပြည်) ရုက္ခဗေဒ(ပြည်)	၂၀-၁-၂၀၁၁ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၀၀ နာရီ ခန်းမ(ရှေ့ခြမ်း)	၂၃-၁-၂၀၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီ (ဒု-နံနက်)
ပထဝီဝင်(ပြည်) (၃-ပ ၄၁၀နှင့်အထက်) အင်္ဂလိပ်စာ(ဘားအံ) သမိုင်း(မအူပင်) စီးပွားရေးပညာ(ဘားအံ) စီးပွားရေးပညာ(ပြည်) ရူပဗေဒ(ပြည်) သင်္ချာ(ပြည်)	၂၀-၁-၂၀၁၁ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၀၀ နာရီ ခန်းမ(နောက်ခြမ်း)	၂၃-၁-၂၀၁၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီ (ဒု-ညနေ)

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၁၇-၁-၂၀၁၁ ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာ ထုတ်ပေးမည်မဟုတ်ပါ။)

၁၀။ (၁၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

အထူးပြု/ဌာနခွဲ	အစမ်းလေ့ကျင့်ရက်	ဘွဲ့နှင်းသဘင်ရက်
မြန်မာစာ(ပုသိမ်) (၃-မ ၁ မှ ၅၇၂ အထိ) ပထဝီဝင်(ရန်ကုန်အနောက်ပိုင်း) ဓာတုဗေဒ(ပြည်)	၃-၂-၂၀၁၁ ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀ နာရီ ခန်းမ(ရှေ့ခြမ်း)	၅-၂-၂၀၁၁ ရက် (စနေနေ့) နံနက် ၉း၀၀ နာရီ (ပ-နံနက်)
မြန်မာစာ(ပုသိမ်) (၃-မ ၅၇၄ နှင့်အထက်) စီးပွားရေးပညာ(ရန်ကုန်အနောက်ပိုင်း)	၃-၂-၂၀၁၁ ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀ နာရီ ခန်းမ(နောက်ခြမ်း)	၅-၂-၂၀၁၁ ရက် (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီ (ပ-ညနေ)
မြန်မာစာ(ပြည်) (၃-မ ၁ မှ ၅၇၂ အထိ) ပထဝီဝင်(ရန်ကုန်အရှေ့ပိုင်း) (၃-ပ ၁ မှ ၃၃၅ အထိ) သမိုင်း(မြိတ်) စိတ်ပညာ(ပြည်)	၃-၂-၂၀၁၁ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၀၀ နာရီ ခန်းမ(ရှေ့ခြမ်း)	၆-၂-၂၀၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီ (ဒု-နံနက်)
မြန်မာစာ(ပြည်) (၃-မ ၅၇၃ နှင့်အထက်) ပထဝီဝင်(ရန်ကုန်အရှေ့ပိုင်း) (၃-ပ ၃၃၆ နှင့်အထက်)	၃-၂-၂၀၁၁ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၀၀ နာရီ ခန်းမ(နောက်ခြမ်း)	၆-၂-၂၀၁၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီ (ဒု-ညနေ)

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၃၁-၁-၂၀၁၁ ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။ (အစိုးရရုံးပိတ်ရက်များတွင် ဘွဲ့ဝတ်စုံထောက်ခံစာ ထုတ်ပေးမည်မဟုတ်ပါ။)

တင်တင်ဝင်း (မော်ကွန်းထိန်း)
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်

၁၅-၉-၂၀၁၀ရက်စွဲဖြင့်ကြေးမုံသတင်းစာပါ အထက်တန်းရှေ့နေဦးနိုင်ဝင်း၏ပြန်လည်ရှင်းလင်းကြေညာခြင်းအပေါ် ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အိမ်အမှတ်- ၂၈၀၊ မြေညီထပ်၊ အခန်းအမှတ်(၃)တွင် ၁၉၆၅ ခုနှစ်မှစ၍ ဒေါ်ခင်မြင့်နေထိုင်ခဲ့သည်ကို ထပ်လောင်းအတည်ပြု ကြေညာပါသည်။

အထက်တန်းရှေ့နေ ဦးနိုင်ဝင်း၏ ကြေညာချက်မှာ ဦးအောင်သန်း၏ ဇနီး ဒေါ်အေးမြိုင်နှင့် သားသမီးများအကြား ချုပ်ဆိုခဲ့သော သားဖြစ်သူ ဦးမိုးကျော် ကိုယ်တိုင် လက်မှတ်ရေးထိုး သဘောတူညီထားသည့် မိသားစုခွဲဝေသုံးစွဲမှု ကတိပြုစာချုပ်ကို မျက်ကွယ်ပြု၍ ကြေညာခဲ့ခြင်း ဖြစ်ပါသည်။

ဒေါ်အေးမြိုင်မှာ ၁၉၆၅ ခုနှစ်မှ ကွယ်လွန်ချိန်အထိ သန်းခေါင်စာရင်းဖြင့် အထက်ပါလိပ်စာတွင် နေထိုင်ခဲ့ပါသည်။

အဆိုပါ အခန်းအား ဒေါ်ခင်မြင့်၊ ဦးအောင်သန်းတို့၏ သား/သမီးများ (အားလုံး)၏ သဘောတူညီချက် မရှိဘဲ မည်သူတစ်စုံတစ်ယောက်မျှ လွှဲပြောင်းရောင်းချခွင့်မရှိကြောင်း ထပ်လောင်း အတည်ပြုကြေညာအပ်ပါသည်။

ထို့ကြောင့် (၁၅-၉-၂၀၁၀) ရက်စွဲဖြင့် မည်သူ၏ လွှဲအပ်ညွှန်ကြားချက်ဟူ၍ မပါရှိသော အထက်တန်းရှေ့နေ ဦးနိုင်ဝင်း၏ ပြန်လည်ရှင်းလင်းကြေညာခြင်းသည် အချင်းဖြစ် အိမ်ခန်းနှင့်စပ်လျဉ်း၍ မိသားစုများအကြား ချုပ်ဆိုထားသော သဘောတူစာချုပ်များကို ထိန်ဝှက်၍ အများပြည်သူ ထင်ရောင်ထင်မှား ဖြစ်စေရန် ကြေညာခြင်းဖြစ်၍ ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူများ	**လွှဲအပ်ညွှန်ကြားချက်အရ-**
၁။ ဦးဝင်းမြင့်	**ဒေါ်မြင့်မြင့်စန်း(LL.B)**
၂။ မအမွန်	**တရားရုံးချုပ်ရှေ့နေ (စဉ်-၆၃၇၂)**
၃။ မထားထားမြင့်	**အမှတ်(၃၂)၊ ပထမထပ်(ဝဲ)၊**
၄။ မတင်တင်ထွေး	**၁၃၄လမ်း၊ မအူကုန်းရပ်ကွက်၊**
	တာမွေမြို့နယ်၊
	ဖုန်း-၀၁-၂၉၃၄၄၇၊
	၀၁-၇၃၀၀၅၇၃၃

၁၀-၉-၂၀၁၀ရက်စွဲပါ ကြေးမုံသတင်းစာတွင် ဒေါ်အေးအေးဝင်းနှင့်အထက်တန်းရှေ့နေဒေါ်သီတာအောင်၊ဒေါ်ဇင်မာတို့၏ သတိပေးကြေညာခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းကြေညာခြင်း

လသာမြို့နယ်၊ ၃ရပ်ကွက်၊ ၂၀လမ်း၊ အမှတ်(၆၂)၊ လူနေတိုက်ခန်းတွင် ယနေ့ချိန်ထိလက်ရှိထား ပိုင်ဆိုင်နေထိုင်ခွင့်ရှိသူမှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပိုက်လိုင်(ခ)ဦးကျော်ကျော်ဖြစ်ပါသည်။ ဒေါ်အေးအေးဝင်းနှင့် သားဖြစ်သူတို့သည် အဆိုပါတိုက်ခန်း၌ လက်ရှိထားပိုင်ဆိုင်အကျိုးခံစားခွင့်မရှိဘဲ ဆက်လက်နေထိုင်ပါသည်ဆိုပြီး ပြစ်မှုမကင်းသော ဆောင်ရွက်မှု၊ လုပ်ဆောင်မှု ပြုလုပ်နိုင်ရန် အကြောင်းပေါ်ပေါက်မှုမရှိဘဲ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေမည့် ဆောင်ရွက်မှုမျိုးဖြစ်အောင် မမှန်မကန်သတိပေးကြေညာခြင်းသည် သဘောရိုးဖြင့် ပြုလုပ်ကြေညာခဲ့ခြင်း မဟုတ်ပါ။

ဒေါ်အေးအေးဝင်းသည် နောက်နောင် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းစေမည့် ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ရပ် ဆောင်ရွက်ခဲ့လျှင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

ဦးပိုက်လိုင်(ခ)ဦးကျော်ကျော်[၁၂/လသန(နိုင်)၀၁၂၉၉၄]၏
လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမျိုး	**ဦးသန်းထွန်း**
အထက်တန်းရှေ့နေ(စဉ်-၂၈၉၆၁)	**တရားရုံးချုပ်ရှေ့နေ(စဉ်-၅၄၉၁)**

အမှတ်(၉/၁၁)၊၄လွှာ၊ အခန်း(၃၀၆)၊ ၃၆လမ်း(အောက်လမ်း)
ကျောက်တံတားမြို့နယ်။

ဦးကျော်ကျော်နိုင်[၁၂/ကမတ(နိုင်)၀၀၉၉၃၇] ဒေါ်လီလီခင်[၁၂/ရကန(နိုင်)၀၅၀၂၀၇] နှင့် ဦးတင်လတ်[၁၄/ညတန(နိုင်)၀၁၅၂၃၃]တို့ သိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေကြီးများဖြစ်သူ ဦးစိန်သင်[၁/ကမန(နိုင်)၀၁၄၁၈၆] ဒုတိယဗိုလ်မှူးကြီးစိန်ဝင်း(ငြိမ်း) [၁/ဝမန(နိုင်)၀၃၀၁၁၂]နှင့် ဦးစိန်လွင်[၁၂/ကမန(နိုင်)၀၃၆၃၃၃]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်သည်မှာ-

လူကြီးမင်း ဦးကျော်ကျော်နိုင်နှင့် ဒေါ်လီလီခင်တို့သည် ကျွန်ုပ်၏ မိတ်ဆွေကြီးများထံမှ ချေးယူသွားခဲ့သော ချေးငွေကျပ် စုစုပေါင်း ၇၅၀၀၀၀၀/-(ကျပ်ငွေခုနစ်ဆယ့်ငါးသိန်းတိတိ)အပေါ်(၂-၁၁-၂၀၀၆)ရက်စွဲပါ စာချုပ်များဖြင့် သက်သေများရှေ့မှောက် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါသည်။ ထို့နောက် ငွေမဆပ်နိုင်သဖြင့် ထပ်မံချုပ်ဆိုခဲ့သော ၈-၉-၂၀၀၇ရက်စွဲပါ ငွေချေးကတိစာချုပ်များအပြင် အစ်ကိုအရင်းဖြစ်သူ လူကြီးမင်း ဦးတင်လတ်[၁၄/ညတန(နိုင်)၁၁၅၂၃၃]ကပင် ထပ်မံပါဝင်၍ ၂၅-၈-၂၀၀၈ရက်စွဲပါကတိဝန်ခံချက်စာချုပ်တစ်စောင်အား ညီဖြစ်သူ ဦးကျော်ကျော်နိုင်နှင့်အတူ လူကြီးမင်းတို့၏အမွေဆိုင်နေအိမ်ဖြစ်သော အမှတ်-၂၅၊ဗိုလ်စောဦးလမ်း၊ သာစုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေအိမ်ကိုပင် အာမခံထားရှိကာ ကတိစာချုပ်များပြုလုပ် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ သို့ရာတွင် ကတိစာချုပ်အတိုင်းပေးဆပ်ရန် ပျက်ကွက်ခဲ့သဖြင့် ရှေ့နေမှတစ်ဆင့် အကြောင်းကြားစာ ပေးပို့ခဲ့သော်လည်း အကြောင်းကြားစာအတိုင်း လိုက်နာရန် ထပ်မံပျက်ကွက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဤကြေညာချက်ပါရှိသည့်နေ့မှ(၁၄)ရက်အတွင်း ကတိစာချုပ်များတွင် ပါရှိသည့် ချေးငွေကျပ် စုစုပေါင်းငွေကျပ် ၇၅၀၀၀၀၀/-(ကျပ်ငွေခုနစ်ဆယ့်ငါးသိန်းတိတိ)ကို ကျွန်ုပ်၏ မိတ်ဆွေကြီးများထံ တစ်လုံးတစ်ခဲတည်း ပေးဆပ်စေလိုကြောင်းနှင့် ပျက်ကွက်ပါက ပြစ်မှုကြောင်းအပြင် လူကြီးမင်းတို့အာမခံထားရှိသော အထက်ဖော်ပြပါ အမွေဆိုင်နေအိမ်နှင့် အကျိုးခံစားခွင့်များကိုပါ အခြေပြု၍ တရားမကြောင်းအရ နစ်နာကြေးနှင့်တကွ တောင်းဆိုအရေးယူဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ရွှေစင်ထွန်း	**ဦးမြင့်အေး**	**ဒေါ်နွယ်နီအောင်(စဉ်-၇၃၃၅)**
LL.B., D.B.L	**LL.B**	**LL.B.,D.L.P(WIPO)**
(စဉ်-၂၆၃၃၃)	**(စဉ်-၃၁၁၃၄)**	**Graduate(Intellectual Property)**
(အထက်တန်းရှေ့နေများ)		**Geneva, Switzerland**
		တရားရုံးချုပ်ရှေ့နေနှင့်ကုန်အမှတ်
		တံဆိပ်များဆိုင်ရာဥပဒေအကြံပေး

ရုံး-တိုက်(A-1)၊ အခန်း-၁၀၁၊ မင်းရဲကျော်စွာအိမ်ရာ၊ တာမွေလေး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၀၈၄၂၂၁

၁၃-၉-၂၀၁၀ ရက်ထုတ် ကြေးမုံသတင်းစာပါ တရားရုံးချုပ်ရှေ့နေ အောင်လံဦးသန်းအေးက ၎င်း၏မိတ်ဆွေ၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းခြင်း

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အေးသာယာလမ်း၊ ပဒေသာပင်မြို့တော် အမှတ်(G-၃၇)နေ ဒေါ်စန်းရီ [၁၂/စခန(နိုင်)၀၀၅၈၆၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းပါသည်။

ကြော်ငြာစာပါ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကမ်းနားလမ်း အမှတ် (၆၂၄/၆၂၆) မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ သုံးထပ်တိုက်အဆောက်အအုံကို ကျွန်ုပ်၏မိတ်ဆွေ၏မိခင် ဒေါ်ကျင်သည် ၁၉၈၀ ခုနှစ်ကပင် မှတ်ပုံတင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် အမည်ပေါက် ပိုင်ဆိုင်သူ ဖြစ်ပါသည်။

ကြော်ငြာစာပါ ကျွန်ုပ်၏မိတ်ဆွေ၏မိခင် ဒေါ်ကျင်က အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ် ပြုလုပ်ခဲ့ကြောင်း ဒေါ်စန်းမြင့်က ၁၈-၆-၂၀၁၀ ရက်တွင်မှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် မြေစာရင်းဌာနမှတစ်ဆင့် သိရှိခဲ့ရသည်ဆိုသည်မှာမဟုတ်ပါ ဒေါ်စန်းမြင့်က ဒေါ်ကျင်၏အမည်မှ ၎င်း၏အမည်သို့ပြောင်းရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင်၁၉၉၄ ခုနှစ်က မြေပုံမြေရာဇဝင် လျှောက်ထားခဲ့ကြောင်း မြို့မြေစာရင်းတွင် မှတ်ချက်ရေးသားထားပါသည်။

ဒေါ်စန်းမြင့်မှလွဲ၍ ကျန်ညီအစ်ကို မောင်နှမ(၄)ဦးမှာ နိုင်ငံခြားတွင် နေထိုင်သူများ ဖြစ်ပါသည်။ ဒေါ်ကျင် သက်ရှိထင်ရှားရှိစဉ်က ဒေါ်စန်းမြင့်က မိသားစုပိုင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁) ရပ်ကွက် ဝါးတန်းလမ်း အမှတ်(၂၇)ဟုခေါ်တွင်သော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ (၃)ထပ်တိုက်ကို ၎င်းတစ်ဦးတည်းပိုင်ဆိုင်နိုင်ရန် ဒေါ်ကျင်အား လက်မှတ်ရေးထိုးပေးရန် ထိုသို့ လက်မှတ်ရေးထိုးပေးပါက ကြော်ငြာစာပါ မြေကွက်နှင့် အဆောက်အအုံကို ဒေါ်ကျင်ပိုင်ဆိုင်နိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်ပေးမည်ဟု ပြောကြားခဲ့သဖြင့် ဒေါ်ကျင်က လက်မှတ်ရေးထိုးပေးခဲ့ရပါသည်။ သို့သော် ဒေါ်ကျင် ပိုင်ဆိုင်နိုင်ရေးအတွက် ဒေါ်စန်းမြင့်က မည်သို့မျှ ကူညီလုပ်ကိုင်ပေးခြင်း မရှိပါ။

ဒေါ်ကျင်အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်နှင့်အဆောက်အအုံပေါ် မည်သူတစ်ဦးတစ်ယောက်မျှ ဒေါ်ကျင်၏ သားသမီးများ၏ ပိုင်ရေးဆိုင်ခွင့်နှင့် စီမံခန့်ခွဲခွင့်ကို ထိပါးကန့်ကွက်နိုင်မည်မဟုတ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ကြော်ငြာစာပါ ရည်ညွှန်းထားသော "ကံကောင်း"ကုန်စည်ပို့ဆောင်ရေးနှင့် ပွဲရုံလုပ်ငန်းသည် ဒေါ်စန်းရီ၏ခင်ပွန်း ဦးစီးလုပ်ကိုင်နေသော လုပ်ငန်းသာဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သက်သက်	**ဒေါ်ခင်စောဝင်း(စစ်တွေ)**
အထက်တန်းရှေ့နေ (၂၄၈၃၄)	**တရားရုံးချုပ်ရှေ့နေ (၇၀၆၀)**
	တိုက်(၂၇၄)၊ အခန်း(၁၅)
	ရန်ကင်းမြို့နယ်။
	ဖုန်း-၀၉ ၅၁၈၇၀၃၃

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပုသိမ်မြို့ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမှတ် ၆ နယ်မြေ ရွှေဝါလမ်းနေ ဦးအောင်ခင်၏သားဖြစ်သူ မောင်သန်းဇော်သည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နှိပ်စက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဖခင်ဦးအောင်ခင်(ခ)ဘာဘူနာသ်
[၁၂/စခန(နိုင်)၀၅၃၅၈၇]

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မမ/၁၇၇၉၄၊ အမျိုးအမည်Honda Wave NF100MR၊ အမျိုးအစားဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူအမည် ဦးဇာနည်အောင် မှတ်ပုံတင်အမှတ် [၆/ရဖန(နိုင်)၀၅၈၇၇၁] မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်းအောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊ ထားဝယ်

- တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့သဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ပိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

တောင်သူတို့ ဝင်ငွေမြင့်မားစေမည့် ဈေးကွက်ခိုင်မာသော ငွေချည်(၆)ဝါ

သတင်းဆောင်းပါး-
ကိုကိုအောင်(စက်မှုအထည်)
ဓာတ်ပုံ - စက်မှုအထည်

မြန်မာနိုင်ငံသည် သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရေ၊ မြေ၊ သဘာဝ အခြေအနေကောင်းများ ပြည့်စုံသည့်နိုင်ငံဖြစ်သည်။ နိုင်ငံတော်အစိုးရသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးမြေများ ရှာဖွေဖော်ထုတ်၍ စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး အားပေးဆောင်ရွက်လျက်ရှိသည်။ တစ်ဧက သီးနှံအထွက်နှုန်းကောင်းရေးအတွက် စိုက်ပျိုးနည်းပညာနှင့် မျိုးကောင်း မျိုးသန့်ဖြန့်ဝေပေးခြင်းနှင့် ဓာတ်မြေဩဇာပိုးသတ်ဆေးများ ရရှိရေးအတွက် ပံ့ပိုးပေးလျက်ရှိသည်။ စိုက်ပျိုးရေ ရရှိရေးအတွက် ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး လုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် တောင်သူများအား စိုက်ပျိုးစရိတ် ချေးငွေပေးခြင်း၊ အကျိုးတူ စိုက်ပျိုးစေခြင်း စသည့် အစီအမံများဖြင့်လည်း ပံ့ပိုးပေးလျက်ရှိသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☼

အမှတ်(၁) စက်မှုဝန်ကြီးဌာန တောင်တွင်းကြီးဝါကြိတ်စက်ရုံ၌ ဝါများကို ဂွမ်းအဖြစ် ကြိတ်ခွဲ ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

အသီးအပွင့်များ ဝေဆာလျက်ရှိသော ငွေချည်(၆) ဝါပင်ကို တွေ့ရစဉ်။